ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (4-7-2010) (၆၄၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော်   ဇူလိုင်   ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာ လီခချန်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

ကြေးမုံ The Mirror

၄-၇-၂၀၁၀
(တနင်္ဂနွေနေ့)

မိုးစပါးလျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုး

ဧရာဝတီမြစ်ဝကျွန်းပေါ် တောင်ပိုင်းဒေသသည် စိုက်ပျိုးရေးအတွက် မြေဆီမြေနှစ်ကောင်းမွန်သည်။ ပင်လယ်ပိုင်းနှင့် ဆက်စပ်နေသဖြင့် ဆန်စပါး အပါအဝင် သားငါး၊ ဆားနှင့် ရေထွက် ကုန်ပစ္စည်းများစွာ စိုက်ပျိုး ထုတ်လုပ်နိုင်လျက်ရှိသည်။

နိုင်ငံတော်က ရေရှည်အကျိုးကို မျှော်ကိုး၍ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော် နေပြီ။ စီမံကိန်းတွင် လမ်းသစ်ကြီး ၁၀ လမ်းကို အရှိန်အဟုန်ဖြင့် ဖောက်လုပ် နေပြီ၊ အဆိုပါ စီမံကိန်းတွင်ပါဝင်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီ။ ရာသီမရွေး သွားလာနိုင်သည့် ၉၆မိုင် ရှည် လမ်းမကြီးဖြစ်ရာ ရေထွက်ပစ္စည်းများ နေ့ချင်းပေါက် ဈေးကွက် အရောက် တင်ပို့နိုင်ကြပေပြီ။

ဒေသတွင်း အဓိကလမ်းမကြီးများနှင့် တံတားကြီးငယ် ၅၀၀ ကျော် တို့ကို တည်ဆောက်ပေးလျက်ရှိရာ လမ်းကွန်ရက်များ တိုးတက်ကောင်းမွန် လျက်ရှိသည်။ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့လာမှုနှင့်အတူ စီးပွားရေးအဖွံ့ဖြိုးဆုံးဒေသဖြစ်ရေး ဦးတည်နေပြီ။

စပါးစိုက်ပျိုးရာသီချိန်ဖြစ်ရာ နိုင်ငံတစ်ဝန်း၌မိုးစပါးများ စိုက်ပျိုးနေကြ ပေပြီ။ ဧရာဝတီတိုင်းအနေဖြင့် မိုးစပါးဧက ၃၇ သိန်းကျော် စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ဧက ၁၀ သိန်းကျော် စိုက်ပျိုးပြီးစီးနေပြီ ဖြစ် သည်။ ရေတော်မိုးတော် မိုးစပါးများလျာထားချက်ထက် ကျော်လွန်စိုက်ပျိုး နိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။

စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးရုံသာမက စပါးတစ်ဧက အထွက်နှုန်း တိုးရေး အားထုတ်ကြရပေဦးမည်။ စပါးအထွက်နှုန်းတိုးရေးတွင် မျိုးစပါးသည် အဓိကကျသဖြင့် အထွက်နှုန်းကောင်း မျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုး နေကြပြီဖြစ်သည်။ ထို့အပြင် စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ နှင့် သဘာဝမြေဩဇာများ တွဲဖက်သုံးစွဲရေး၊ စက်ကိရိယာများ တိုးချဲ့ အသုံးပြုရေးတို့ကိုလည်း လုပ်ဆောင်ကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းသည် ရေမြေသဘာဝ အခြေခံကောင်းများ ပြည့်စုံမှုရှိ သည်။ ဆန်စပါး၊ သားငါး စသည့် ထွက်ကုန်အများအပြား ထွက်ရှိလာပြီ။ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာမှုနှင့်အတူ အရည်အသွေးကောင်း ဆန်စပါး၊ သားငါး၊ ပုစွန်များ ပိုမိုတင်ပို့နိုင်နေပြီ။ ကုန်စည်ပို့ဆောင် ရောင်းဝယ်မှု ဖွံ့ဖြိုးစည်ပင်လာလျက်ရှိရာ ဒေသခံပြည်သူများ၏ စိတ်ဓာတ်၊ ဝီရိယစွမ်းအားတို့နှင့်အတူ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနေပြီ ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ရှိ မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံ ဝန်ကြီး ဦးသိန်းအောင် စစ်ဆေး

နေပြည်တော် ဇူလိုင် ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံ (ပျဉ်းမနား)သို့ ရောက်ရှိလာရာ အလုပ်ရုံရှင်းလင်းဆောင်၌ တာဝန်ခံ(အင်ဂျင်နီယာ) ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ဆွေက အလုပ်ရုံတွင် ယာဉ်ကြီးများနှင့် မြေထိုးစက်ကြီးများ ပြုပြင်နိုင်မှု၊ ပြုပြင်ပေးနေမှုနှင့် ယာဉ်ပြင်သင်တန်းများမှ သင်တန်းသားများအား သင်တန်းပို့ချပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ယာဉ်ယန္တရားကြီးများကို သစ်ထုတ်ရာသီ အမီ ပြုပြင်ပြီးစီးရေး၊ ပညာသည် ဝန်ထမ်းများရရှိအောင် လေ့ကျင့်သင်ကြားသွားရေး၊ ခြိုးခြံချွေတာရေး၊ ရတနာတန်းဝင် အပင်ကြီးများ စိုက်ပျိုးရေးမှာကြားပြီး အလုပ်ရုံအတွင်း ယာဉ်ယန္တရားကြီးများ ပြုပြင်နေမှု၊ အင်ဂျင် ပြုပြင်ခန်း၊ တွင်ခုံဖောက်ခုံ အခန်းနှင့် ပစ္စည်းသိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂)သို့ ရောက်ရှိရာ ကျောင်း ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး လက်ထောက်အထွေထွေမန်နေဂျာ ဦးအုန်းမောင်က သစ်တိုက်ယာဉ်၊ လမ်းဖောက်စက်၊ ဒိုဇာနှင့် သစ်တင်စက်လိုဒါမောင်း သင်တန်းများ ဖွင့်လှစ်နိုင်မှုနှင့် သင်တန်းသစ်ဖွင့်လှစ်ရန် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယအထွေထွေမန်နေဂျာ ဦးဝဏ္ဏဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက အသိပညာ၊ အတတ်ပညာများ သင်ကြားပေးရုံသာမက စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်စေရေးအတွက်ပါ လေ့ကျင့်သင်ကြားပေးသွားရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော်ရှိ မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံ (ပျဉ်းမနား)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများဖော်ထုတ်ရေး အလုပ်ရုံ ဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များကို နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန၌ ကျင်းပစဉ်။

(သတင်းစဉ်)

အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက် ကျင်းပ

နေပြည်တော် ဇူလိုင် ၃

အင်းလေးကန် ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်ရန် နည်းလမ်းများ ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်ကို ယမန်နေ့တွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်ရှိ အင်ကြင်းခန်းမ၌ ကျင်းပရာ နံနက်ပိုင်းတွင် တက်ရောက်လာကြသော ကိုယ်စားလှယ်များက လုပ်ငန်းအဖွဲ့ လေးဖွဲ့ခွဲ၍ အဖွဲ့လိုက် ဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းအဖွဲ့လိုက်တင်ပြခြင်းအစီအစဉ်ကို မွန်းလွဲပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် သစ်တောတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမြင့်ဦးကဆောင်ရွက်သည်။

လုပ်ငန်းအဖွဲ့(၁)၏ အင်းလေးကန်ဒေသဝန်းကျင် ရေအရင်းအမြစ်နှင့် ရေ သယံဇာတများ ရေရှည်ထိန်းသိမ်းအသုံးချနိုင်ရေးတင်ပြချက်ကို တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာနုနုစံကလည်းကောင်း၊ လုပ်ငန်းအဖွဲ့(၂)၏ အင်းလေးကန် ဒေသဝန်းကျင်ရှိ မြေအသုံးချမှုအခြေအနေများ တင်ပြချက်ကို မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကျော်ရီကလည်းကောင်း၊ လုပ်ငန်းအဖွဲ့ (၃)၏ အင်းလေးကန် ဒေသပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများ တင်ပြချက်ကို သစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးက လည်းကောင်း၊ လုပ်ငန်းအဖွဲ့(၄)၏ အင်းလေးကန် ဒေသခံများ၏လူမှုစီးပွားရေး အခြေ အနေ တင်ပြချက်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနမှ ပါမောက္ခ ဒေါ်ဖြူဖြူအိကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲရလဒ်များ ညှိနှိုင်းဆွေးနွေးခြင်းနှင့် အစီရင်ခံစာအတွက် ဖော်ထုတ်ချက်များ ချမှတ်ရေးဆွဲ၍ စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီး သဘာပတိက နိဂုံးချုပ်စကား ပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၃

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက်က ရန်ကုန်မြို့ အမျိုးသား ရေကူးကန်ဝင်း ဂျူဒိုလေ့ကျင့်ရေးစခန်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသား ၅၅ ကီလိုတန်း၊ ၆၀ကီလိုတန်း၊ ၆၆ ကီလိုတန်း၊ ၇၃ ကီလိုတန်းနှင့် အမျိုးသမီး ၄၈ ကီလိုတန်း၊ ၅၂ ကီလိုတန်း၊ ၆၃ ကီလိုတန်းနှင့် အလွတ်တန်းပြိုင်ပွဲများကို ကျင်းပပြီး တာဝန်ရှိသူ အသီးသီးက ဆုများကို ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

(ဂျူဒိုအဖွဲ့ချုပ်)

သင်္ဃန်းကျွန်း ထွေ/အုပ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းသား၊ ကျောင်းသူ ၂၉ ဦး အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၅၆၀၀၀ ကို ဒုတိယဦးစီးမှူး ဦးတင်ငြိမ်း နှင့် ဌာနခွဲစာရေးကြီး ဦးတင့်ဆွေတို့ထံ ပေးအပ်သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်**(ယာပုံ)**နှင့် မြို့နယ်ဒုတိယဦးစီးမှူးများ၊ ဌာနခွဲစာရေးကြီးတို့က ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေများတစ်ဦးချင်းစီ ပေးအပ်သည်။

(၅၀၆)

❀ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Wang Zhonyingနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃၀ ရက်တွင် မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာရှိ နမ္မတီး အခြေခံပညာအထက်တန်းကျောင်း မြတ်လေးဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျောင်းဆောင်အတွင်း ကျောင်းသား၊ ကျောင်းသူများက သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့လေ့ကျင့်သင်ယူနေမှုနှင့် ကျောင်းစာကြည့်တိုက်၌ သုတ၊ ရသစာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဖားကန့်မြို့နယ် နောင်မီးကျေးရွာအနီးရှိ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးကုမ္ပဏီ၏ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေသည်များကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းဒါရိုက်တာက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြစ်ကြီးနား-နမ္မတီး-တနိုင်း လမ်းပိုင်းရှိ လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်မှု၊ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှု၊ အောင်မြင်ဖြစ်ထွန်းနေသည့် ပီလောပီနံစိုက်ခင်းများနှင့် ရှုဒူးဇွပ်၊ တိန်ကောက်၊ နန်းဖျတ်ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တနိုင်းတံတား ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက တံတားကြံ့ခိုင်မှုနှင့် ချဉ်းကပ်လမ်းများ ရေတိုက်စားမှုမှ ကာကွယ်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူးက မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တနိုင်းမြို့တွင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာက လမ်းပိုင်းအလိုက် ခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းကိုရေရှည်တည်တံ့စေရန်နှင့် ဒေသခံပြည်သူများ ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ မြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာရှိ နမ္မတီး အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့လေ့ကျင့်သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့ မြန်မာ U-23 ဘောလုံးအသင်းနှင့် စင်ကာပူ U-23 Olympic အသင်းတို့ ဘောလုံးယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ-စင်ကာပူ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန် ဇူလိုင် ၃

မြန်မာ U-23 ဘောလုံးအသင်းနှင့် စင်ကာပူ U-23 Olympic အသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့သည် မြန်မာ U-23 ဘောလုံးအသင်းနှင့် စင်ကာပူ U-23 Olympic အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဖွင့်အမှာစကားပြော

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ **ကာတွန်းအစီအစဉ် - အမြွှာစုံထောက် (အပိုင်း-၁၈)**
- ၁၁:၃၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ရှိနေတဲ့မြို့**
- ၁၂:၄၅ ၆။ ကျန်းမာသုတ
- ၂:၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၉)**
- ၂:၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၃:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၄။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ် ဆန်းတေး
- ၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၀။ ဘဝကြေးမုံ -ရောင်းကုန်သာထက်ပိုင်၊ ခိုင်ပွင့်၊ ရည်အောင်၊ နိုင်ဇော် (ဒါရိုက်တာ-အာယု)
- ၆:၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၂၅)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း(အပိုင်း-၅၇)**
- ၂၁။ **လင်းရောင်စဉ်အတွက်ပုံရိပ်များ(အပိုင်း-၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

လမ်းတံတားများ တိုးချဲ့တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့်တိုင်း ဒေသများ ကွန်ရက်သဖွယ် အချိတ်အဆက်ရှိလာ ဆက်သွယ်သွားလာမှု လွယ်ကူလျက် ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာသည်ကို တွေ့မြင်ကြရ ဒေသခံပြည်သူများ၏ ခရီးသွားလာရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ယခင်ထက် အဆင်ပြေချောမွေ့

နေပြည်တော် ဇူလိုင် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ နေပြည်တော်တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့အပိုင်း) မိုင် ၂၀ သုံးဖာလုံ ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ်(၀/၁)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့အပိုင်း) ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးနဲ့ ပြည်သူတို့ရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍဟာလည်း အဓိကကဏ္ဍမှာ ပါဝင်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်၍ လွယ်လင့်တကူ ဆက်သွယ်ဆောင်ရွက်နိုင်မှသာ စီးပွားရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း" လမ်းများ ကွန်ရက်သဖွယ် ဖောက်လုပ် တည်ဆောက်ရသည့် ရည်ရွယ်ချက်ကို လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများ ဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်ကြီးများပေါ်တွင် တံတားကြီးများကို တည်ဆောက်ပေးခဲ့ကြောင်း၊ ဧရာဝတီမြစ်ပေါ်တွင်ဆိုလျှင် ရှစ်စင်း၊ ချင်းတွင်းမြစ်ပေါ်တွင် နှစ်စင်း၊ သံလွင်မြစ်ပေါ်တွင် သုံးစင်း၊ စစ်တောင်းမြစ်ပေါ်တွင် နှစ်စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ဧရာဝတီမြစ်ကူးတံတားကြီးများဖြစ်သည့် ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီတံတား(မလွန်)၊ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(ညောင်တုန်း)၊ ဧရာဝတီတံတား(ရတနာသိမ်) စသည့် တံတားကြီးများ အပါအဝင် ပေ ၁၈၀ အထက် တံတား ၂၁ စင်းကို တည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ လမ်းတံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့် တိုင်းများရှိ ဒေသများသည် တစ်ဆက်တစ်စပ်တည်း ကွန်ရက်သဖွယ် အချိတ်အဆက်ရှိလာပြီး ဆက်သွယ်သွားလာမှု လွယ်ကူလျက် ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

၎င်းပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း)ကို ယခင်က ၁၂ ပေ ကျောက်လမ်းအဆင့်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

၎င်းလမ်းပိုင်းကို အဆင့်မြှင့်တင်ဖောက်လုပ်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ် ပင်လောင်းမြို့နှင့် နေပြည်တော်ကို ဘတ်စ်ကားများ၊ လူစီးယာဉ်များ၊ ကုန်တင်ကားကြီးများ၊ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်ကြောင်း၊ ထို့အပြင် ယခင်က ဖွင့်လှစ်ခဲ့သည့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားပြီး ယခုဖွင့်လှစ်သည့် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းနှင့် တစ်ဆက်တည်းဖြစ်သည့်အတွက် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ကို တစ်ဆက်တည်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများ၏ ခရီးသွားလာရေးနှင့် ဒေသထွက်ကုန်စည်များ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများလည်း ယခင်ကထက် ပိုမိုအဆင်ပြေ ချောမွေ့လာပြီ ဖြစ်ကြောင်း။

ယခင်က ရှမ်းပြည်နယ် ပင်လောင်းမြို့မှ မော်တော်ယာဉ်များ ရှစ်နာရီကြာ မောင်းနှင်မှ ရောက်ရှိနိုင်သော နေပြည်တော်ပျဉ်းမနားသို့ ယခုအခါ ငါးနာရီမျှဖြင့် မောင်းနှင်ရောက်ရှိနိုင်ပြီ ဖြစ်ကြောင်း၊ ယခင်ကထက် ယာဉ်မောင်းချိန် သုံးနာရီ လျော့နည်းသက်သာခဲ့ပြီဖြစ်ကြောင်း။

ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးဖြစ်သည့် ၎င်းလမ်းမကြီးကို အကြောင်းပြု၍ ဆက်စပ်လျက်ရှိသည့် ဒေသအားလုံး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများသည် သိသိသာသာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို အထောက်အကူပြုနိုင်တော့မည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်/တိုင်းများ၌ လမ်းနှင့် တံတားများကို နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အမျိုးသားရေးအမြင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများက ဝင်ငွေများ ပိုမိုရလာရန်နှင့် နိုင်ငံခြားပို့ကုန်သီးနှံများ ပိုထွက်လာရန် ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ နောင်သားစဉ်မြေးဆက်များအတွက်လည်း ကောင်းသောလက်ဆင့်ကမ်းအမွေများပေးနိုင်ရန်၊ ထားခဲ့နိုင်ရန် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သော ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့အပိုင်း)သည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းတစ်ခု ရရှိခြင်းဖြစ်သဖြင့် သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး ကြပါလို့ဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း လမ်းတံတားများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်း၊ တံတားသစ်များကို တိုးချဲ့တည်ဆောက်ပေးခြင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးအတွက်သာမက ပြည်သူများ အဆင်ပြေသွားလာနိုင်ရေးအတွက် ကြိုးပမ်းမှုများပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ၎င်းပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) ဖောက်လုပ်ရာတွင် နိုင်ငံတော်၏ ဝင်ငွေများထဲမှ ခြိုးခြံချွေတာ၍ ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်က ငွေသန်းပေါင်းများစွာ အကုန်အကျခံ၍ ဖောက်လုပ်တည်ဆောက်ပေးခြင်းသည် နိုင်ငံတော်အဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း ဖြစ်သဖြင့် တိုင်းရင်းသားပြည်သူများသည် တစ်နေရာနှင့် တစ်နေရာ ကူးသန်းဆက်သွယ်မှုများ များလာမည်။ သို့ဖြစ်လျှင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်မှုများ တိုးပွားလာကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာလျှင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး (၃) ပါးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ကင်းသာ-ကိုးကွေ့လမ်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုနိုင်အောင်၊ အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ပေးကြပါဟု တိုက်တွန်းရင်း ၎င်းလမ်းကြီးပြီးမြောက်အောင်မြင်အောင် တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တကွ ဆောက်လုပ်ရေး အင်ဂျင်နီယာများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဒေသခံပြည်သူများအားလည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ကတ္တရာလမ်းဆိုင်ရာ အချက်အလက်များ၊ လမ်းအင်္ဂါရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ၁၉၈၈ ခုနှစ် မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅ မိုင်ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁ မိုင် နှစ်ဖာလုံ ရှိလာပြီ ဖြစ်သည့်အတွက် ၇၇၂၆ မိုင် နှစ်ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထပ်တိုးလမ်းများအဖြစ် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အခြားဝန်ကြီးဌာနများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် လမ်းမိုင်အရှည် ၁၁၄၇ မိုင် တစ်ဖာလုံကိုလည်း လက်ခံရယူခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၁၀ ခုနှစ် မတ်လ ၂၄ရက် တွင် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုင်အရှည် ၁၂၅ မိုင် တစ်ဖာလုံကို ကတ္တရာလမ်းအဖြစ် ငါးလ ၁၉ ရက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့နည်းတူစွာ ဧရာဝတီမြစ်ဝကျွန်းပေါ် လမ်းကွန်ရက် ၁၀ လမ်းထဲက အမှတ်(၉) လမ်းဖြစ်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆ မိုင်ကိုလည်း ၂၀၁၀ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ကတ္တရာလမ်းအဖြစ် ငါးလ ၁၄ ရက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ပျဉ်းမနား-ပင်လောင်းလမ်း၏(ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းသည် မိုင် ၂၀ သုံးဖာလုံ အရှည်ရှိပြီး ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ကြောင်း၊ လမ်းတာပေါင် ၃၄ ပေ အကျယ်ရှိပြီး လမ်းကွေ့နေရာများတွင် ပေ ၄၀ အကျယ်ရှိကြောင်း၊ ၎င်းလမ်းသည် ယခင်က ၁၂ ပေအကျယ် ကျောက်လမ်း အဆင့်သာရှိပြီး အချို့နေရာများတွင် မတ်စောက်သည့်နေရာများရှိခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏လမ်းညွှန်ချက်အရ ၎င်းလမ်းကို ခရီးသည်တင် ဘတ်(စ်)ကားကြီးများ သွားလာနိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၈ ရက်မှစ၍ ၁၂ ပေအကျယ် ကျောက်လမ်းမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းအဖြစ် စတင်အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မတ်စောက်၍ အတက်အဆင်းခက်ခဲသော နေရာများတွင် အောက်ခံကျောက်သားများကို ဖောက်ခွဲပြီး လမ်းသားနှိမ့်ချခြင်းလုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ အတက်အဆင်း အကွေ့အကောက်များသည့် နေရာများကိုလည်း ဒီဇိုင်းအရ ပြေပြစ်အောင် ဆောင်ရွက်ခဲ့ပြီး လမ်းတစ်လျှောက် သစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းလမ်းသည် နေပြည်တော်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ဆက်စပ်ပေးသည့် အဓိကလမ်းမကြီး ဖြစ်ကြောင်း၊ ပျဉ်းမနား-ပင်လောင်းလမ်းသည် လမ်းမိုင်အရှည် ၇၀ မိုင် နှစ်ဖာလုံရှိပြီး ယနေ့ဖွင့်လှစ်ပေးသည်မှာ ပျဉ်းမနား-ပင်လောင်းလမ်းမ၏ အစပိုင်းဖြစ်သော (ကင်းသာ-ကိုးကွေ့)အပိုင်း မိုင် ၂၀ သုံးဖာလုံကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် (ကိုးကွေ့-ပင်လောင်း) လမ်းအပိုင်းကိုလည်း အမြန်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လမ်းများအနက် လမ်းအချို့ကို ပြောပြရမည်ဆိုပါလျှင်-

(၁) ပုသိမ်-မုံရွာလမ်းမကြီး မိုင်အရှည် မိုင် ၄၅၀ ငါး ဖာလုံ

စာမျက်နှာ ၅ ကော်လံ ၁ သို့❖

☆ ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့အပိုင်း) ဖောက်လုပ်ရာတွင် နိုင်ငံတော်၏ ဝင်ငွေများထဲမှ ခြိုးခြံချွေတာ၍ ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်။

☆ နိုင်ငံတော်အဝန်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် တိုင်းရင်းသားပြည်သူများသည် တစ်နေရာနှင့် တစ်နေရာ ကူးသန်းဆက်သွယ်မှုများ များလာမည်။ သို့ဖြစ်လျှင် တစ်ဦးနှင့် တစ်ဦး ရင်းနှီးချစ်ကြည်မှုများ တိုးပွားလာကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာလျှင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို အထောက်အကူပြုမည်ဖြစ်။

❖စာမျက်နှာ ၄ မှ

(၂) တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း (တိုက်ကြီး-၁၀ မိုင်ကုန်းအပိုင်း) မိုင်အရှည် ၄၂ မိုင် ခုနစ် ဖာလုံ
(၃) မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း မိုင်အရှည် ၁၄၃ မိုင် ခြောက်ဖာလုံ
(၄) ကိုးပင်-သာဂရလမ်း မိုင်အရှည် ၉၆ မိုင် သုံးဖာလုံ
(၅) မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း မိုင်အရှည် ၁၀၈ မိုင် လေးဖာလုံ
(၆) မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း မိုင်အရှည် ၉၁ မိုင် လေးဖာလုံ
(၇) ပြင်ဦးလွင်-မိုးကုတ်လမ်း မိုင်အရှည် ၉၇ မိုင်
(၈) ကသာ-စင်းခန်းလမ်း မိုင်အရှည် ၆၅ မိုင်
(၉) မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မိုင်အရှည် ၂၁၈ မိုင်
(၁၀) သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း၊ မိုင်အရှည် မိုင် ၃၃၀
(၁၁) ပျဉ်းမနား-ပင်လောင်းလမ်း မိုင်အရှည် ၇၀ မိုင် နှစ်ဖာလုံ
(၁၂) ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း၊ မိုင်အရှည် ၂၂ မိုင် ခြောက်ဖာလုံ
(၁၃) မြေပုံ-မင်းပြားလမ်း မိုင်အရှည် ၂၄ မိုင် ခုနစ်ဖာလုံ
(၁၄)ပေါက်တော-မင်းပြားလမ်း မိုင်အရှည် မိုင် ၂၀ ခြောက်ဖာလုံ
(၁၅) ကျောက်တော်-ပလက်ဝလမ်း မိုင်အရှည် ၃၃ မိုင် ငါး ဖာလုံ တို့ဖြစ်ကြောင်း၊ ကျန်လမ်းများကိုလည်း ကတ္တရာလမ်း အဆင့်အထိ ဖောက်လုပ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့ထိ ပေ ၁၀၀ နှင့် ပေ ၁၈၀အကြား တံတားပေါင်း ၂၉၁၅ စင်းနှင့် ပေ ၁၈၀ အထက် တံတားကြီး ၂၄၀စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀ အထက် တံတားအစင်း ၂၀ တည်ဆောက်နေဆဲ ဖြစ်ကြောင်း၊ ယခုဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်း ပူးတွဲတံတားကြီးလေးစင်းနှင့် နှစ်လမ်းသွားကားလမ်းသက်သက် တံတားကြီး တစ်စင်း တည်ဆောက်နေပါကြောင်း၊ ယင်းတံတားများမှာ-

(၁) ပေ ၁၁၄၃၁ အရှည်ရှိ ဧရာဝတီ တံတား(ပခုက္ကူ)
(၂) ပေ ၇၄၀၂ အရှည်ရှိ ဧရာဝတီ တံတား(ညောင်တုန်း)
(၃) ပေ ၃၂၁၅ အရှည်ရှိ ဧရာဝတီ တံတား(မလွန်)
(၄) ပေ ၄၆၉၅ အရှည်ရှိ ဧရာဝတီ တံတား(စင်းခန်း)
(၅) ပေ ၂၄၈၀ အရှည်ရှိ ဧရာဝတီ တံတား (ရတနာသိယ်) တံတား တို့ပင် ဖြစ်ကြောင်း။

ထို့အပြင် ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင် ၄၂ မိုင် ခြောက်ဖာလုံတွင်ရှိသော ယခုတည်ဆောက်နေသည့် လိန်းလီ တံတားကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၂၂ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း၊ ဤတံတား ဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ မူလတံတားသည် ယာဉ်တစ်စီးချင်း ၁၃ တန်ခံနိုင်ဝန်ရှိသည့် တစ်လမ်းသွားဘေလီ တံတားလေးပင် ဖြစ်ကြောင်း၊ တည်ဆောက်နေသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားလျှင် သိုလှောင်မည့် ရေပမာဏအရ မူလတံတားအတိုင်းထားလျှင် ရေနစ်မြုပ်သွားမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ တံတားအမြင့်ကို မြှင့်ပြီး သံမဏိသံပေါင်ကြိုးတံတား၊ တံတားအရှည် ပေ ၁၇၆၀၊ တံတားအကျယ် ၃၄ ပေ၊ (ယာဉ် သွားလမ်း ၂၈ပေ-လူသွားလမ်းတစ်ဖက် သုံးပေစီ)ဖြင့် အသစ်တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုးချဲ့တည်ဆောက်ထားသည့် လမ်းနှင့်လိုက်လျောညီစွာ ယာဉ်တစ်စီးချင်း(၇၅)တန် ခံနိုင်ဝန်ရှိသည့် လိန်းလီတံတားသည် မြန်မာပြည်တွင်အမြင့်ဆုံးတံတားတစ်စင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဤလမ်းပေါ်တွင်ရှိသော လိန်းလီတံတားကို မကြာခင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က လမ်းတံတားများကို အရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်နေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်လာပြီး နယ်မြေအစိတ်အပိုင်း ဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတဖြစ်ထွန်းတိုးတက်လာစေရန် ဖြစ်ကြောင်း၊ ဒေသ၏ စီးပွားရေးဘဝ တိုးတက်စည်ပင်လာမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ အကြောင်းကြောင်းများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရသည့် ပြည်နယ်ဒေသများနှင့် တိုင်းဒေသအချို့တို့ကိုလည်း အခြားသော ဖွံ့ဖြိုးတိုးတက်နေကြသည့် ဒေသများနည်းတူ ဖွံ့ဖြိုးလာအောင် အလေးထားဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အကြီးအကဲ၏ စေတနာမွန်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် မည်သူ့အကူအညီ အထောက်အပံ့မှ မပါရှိဘဲ ပြည်တွင်းစွမ်းအားကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးကာကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် လမ်းကြီးကို ယခုကဲ့သို့ အဆင့်အတန်းမီမီဖြင့် တည်ဆောက်ပြီးစီးသွားပြီဟူ၍ ကျေနပ်နှစ်သိမ့်နေရုံဖြင့် မပြီးသေးကြောင်း၊ ဤလမ်းကြီးကို လက်ရှိအဆင့်အတန်းထက်နိမ့်ကျမသွားစေရန်၊ ရေရှည်အသုံးပြုသွားနိုင်စေရန် ထိန်းသိမ်းကြရန် အရေးကြီးကြောင်း၊ လမ်းဆိုလျှင်လည်း လမ်းအလိုက်၊ တံတားဆိုလျှင်လည်း တံတားအလိုက် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ စည်းကမ်းတကျအသုံးပြုသွားရန်လိုအပ်ကြောင်း။ ထို့အပြင် ဤလမ်းမကြီးသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဆက်စပ်၍ ဒေသ၏ အကျိုးစီးပွားကိုလည်း အကျိုးပြုမည်ဖြစ်သည့်အတွက် မိမိဒေသအတွင်းတွင် ရှိသည့် ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု ဤလမ်းကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ရရှိထားသော ရလဒ်ကောင်းများကို အခြေခံ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက် ဖော်ဆောင်သွားကြပါ။ နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကာ တည်ဆောက်ပေးခဲ့သော ဤလမ်းကြီး စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးသွားကြပါဟု တိုက်တွန်းရင်း ဤလမ်းကြီး ပြီးမြောက်အောင်မြင်စွာဖြင့် ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဦးမြင့်သိန်းနှင့် ဒေသခံပြည်သူတစ်ဦးတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) ကတ္တရာလမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ ကတ္တရာလမ်းမပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

နေပြည်တော်ပျဉ်းမနားမှ ကင်းသာ-ကိုးကွေ့-ယင်းမီး-ပင်လောင်းလမ်းသည် အရှည်(၆၈/၇)မိုင်ရှိပြီး ယခုဖွင့်လှစ်သည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း)မှာ အရှည်မိုင် ၂၀ သုံးဖာလုံ၊ လမ်းအကျယ် ၁၈ ပေ ရှိသည်။

ဖွံ့ဖြိုးတိုးတက်လာမည်

ယင်းကတ္တရာလမ်း ဖွင့်လှစ်ပေးခဲ့သည့်အတွက် ပြည်နယ်နှင့် တိုင်းအသီးသီးသို့ မြန်မာပြည်အရှေ့မှ အနောက်၊တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသအသီးသီးမှ ထွက်ကုန်များကို နိုင်ငံတစ်ဝန်း ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးကဏ္ဍများ၌လည်း အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့အပိုင်း) ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော်တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့အပိုင်း) မိုင် ၂၀ သုံးဖာလုံ ကတ္တရာလမ်းသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကော့မှူးမြို့နယ်၌ မိုးစပါးလျာထားချက်ပြည့်မီရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ကော့မှူး ဇူလိုင် ၃

ရန်ကုန်မြို့နှင့် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်စေရေး၊ မိုးစပါးလျာထားချက် ပြည့်မီအောင် အချိန်မီစိုက်ပျိုးပြီးစီးရေးနှင့် ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး စာဖတ်သူ တိုးပွား၍ စာဖတ်ရှိန်မြင့်မားရေးတို့အတွက် ဟောပြောစည်းရုံး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၂ ရက်က ကော့မှူးမြို့နယ် တိုးသခ်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေး မန်နေဂျာ ဦးစိန်လှမောင်က တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ ဓာတ်မြေဩဇာအချိုးညီ အလေအလွင့်မရှိ သုံးစွဲရေးတို့ကို ဟောပြောပြီး မြေစာရင်းဦးစီးဌာန နယ်မြေတာဝန်ခံ ဦးမြင့်ဝင်းက မိုးစပါးလျာထားချက်ပြည့်မီရေး၊ မျိုးကွက်မှန်ကန်ရေးတို့ကို ဟောပြောခဲ့သည်။ နယ်မြေတာဝန်ခံ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေက ညှိနှိုင်းဆွေးနွေးပြီး ကျေးရွာ စာကြည့်တိုက်ကော်မတီသို့ စာအုပ် စာစောင်၊ ကျန်းမာရေး လက်ကမ်းစာစောင်၊ နံရံကပ်စာစောင်များနှင့် သတင်းစာများ ပေးအပ်လှူဒါန်းသည်။ အခမ်းအနားသို့ လယ်လုပ်တောင်သူနှင့် ကျေးရွာသူ၊ ကျေးရွာသားပေါင်း ၁၃၆ ဦးတက်ရောက်ခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

ကျမ်းစာအုပ်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၇)ရပ်ကွက် မြလေးရုံလမ်းတွင် ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ပိဋကတ်မြန်မာပြန်ကျမ်းစာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ရွှေပါရမီကုသိုလ်ဖြစ်စာအုပ်အငှားဆိုင်သို့ အုပ်ရေ ၃၀ ပါ တစ်စုံအား (သန့်-တည်-ပွား) အဖွဲ့မှပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

အဆိုပါပိဋကတ်ကျမ်းစာအုပ်များကို အလှူခံလိုသော မြန်မာတစ်နိုင်ငံလုံးရှိ ဓမ္မစာကြည့်တိုက်များ၊ ကုသိုလ်ဖြစ်စာအုပ်အငှားဆိုင်များ အလှူခံလိုပါက ဖုန်း-၇၂၇၂၂၃ နှင့် ၇၀၄၇၈၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (၃၂၉)



ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ

အင်ကြင်းမွှေး (နေပြည်တော်)

မြန်မာနိုင်ငံ၏ထူးခြားသည့် ဂုဏ်ပြုနေ့များအနက် အမျိုးသမီးထုတစ်ရပ်လုံးအား ကိုယ်စားပြုသော **'မြန်မာအမျိုးသမီးများနေ့'**သည်လည်း ထူးခြားစွာ ပါဝင်ပါသည်။

အမျိုးသမီးများနေ့သည်-

- ❋ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရန် စံနမူနာပြ ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသော အမျိုးသမီးများ။
- ❋ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန်၊ အမျိုးအနွယ်မတိမ်ကောစေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြသည့် အမျိုးသမီးများ။
- ❋ မြန်မာ့လူ့ဘောင် ရှင်သန်ဖြစ်ထွန်းတိုးတက်စေရန် ကျရာအခန်းကဏ္ဍအသီးသီး၌ သယ်ပိုးထမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးများ။

အားလုံးတို့ကို စုပေါင်းဖော်ညွှန်း၊ မော်ကွန်းတင်အပ်သော မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဂုဏ်ယူဝမ်းမြောက်ဖွယ် မင်္ဂလာရှိသောနေ့တစ်နေ့ပင် ဖြစ်ပါသည်။ ခေတ်အဆက်ဆက်တွင် မျိုးချစ်စိတ် ထက်သန်၍ စွမ်းရည်ထက်မြက်သည့် မြန်မာအမျိုးသမီးအသိပညာရှင်၊ အတတ်ပညာရှင်နှင့် အနုပညာရှင်၊ စာပေဂီတပညာရှင်များပေါ်ထွန်းခဲ့ကြရာ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိခဲ့ကြပေသည်။

မြန်မာအမျိုးသမီးများသည် ရိုးရာအစဉ်အလာ၊ ဓလေ့ထုံးတမ်းအရ ယဉ်ကျေးသိမ်မွေ့ကြသကဲ့သို့ ဝံသာနုရက္ခိတတရားဟုခေါ်သော အမျိုးကို စောင့်ရှောက်ခြင်းနှင့် အမျိုးသမီးတို့၏သိက္ခာပုဒ်ကို အမျိုးသမီးတို့၏အင်အားအဖြစ် တန်ဖိုးထား၍ ထိန်းသိမ်းတတ်ကြသူများဖြစ်ပါသည်။ ရိုးသားဖြူစင်သောစိတ်ဓာတ်၊ ယဉ်ကျေးသောအမူအကျင့်၊ ဘာသာရေးကိုင်းရှိုင်းသော အစဉ်အလာ၊ အများအကျိုး စုပေါင်းဆောင်ရွက်တတ်သော ဓလေ့စရိုက်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားထိန်းသိမ်းခြင်းတို့တွင် အာရှ၏ကိုယ်ပိုင်လက္ခဏာများနှင့် စံနမူနာတင်ရသည့် မြန်မာ့လူမျိုးများအဖြစ် ယနေ့တိုင် ထင်ရှားဆဲဖြစ်ပါသည်။

ထို့အတူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများအနေဖြင့် ပင်ကိုဗီဇ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ အရှက်သိက္ခာ၊ ဣန္ဒြေကြီးခြင်းတို့မှာ မွေးရာပါ ထူးခြားသောဝိသေသများအဖြစ် ရှေးယခင်ကပင်ရှိနှင့်ပြီးဖြစ်ပေရာ နောင်လာ နောက်သား မျိုးဆက်သစ် မေမြန်မာမိန်းကလေးများအနေနှင့် ထိုဂုဏ်ရည်တို့ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြဖို့ လိုအပ်လှပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် ကြားသိနေကြရသည့်အတိုင်း တစ်ဖက်နိုင်ငံသို့ ပို့ရန် နည်းမျိုးစုံသုံးပြီး လူကုန်ကူးခြင်း၊ မိမိနိုင်ငံယဉ်ကျေးမှုနှင့် မကိုက်ညီသော အခြားနိုင်ငံ၏ လွဲမှားသည့်ယဉ်ကျေးမှုများကို အတုယူမှားစေရန် ကဏ္ဍမျိုးစုံ၊ နည်းမျိုးစုံသုံးကာ မက်လုံးပေးဆွဲဆောင်ခြင်းများ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် မရိုးရအောင်ရှိနေကြပေရာ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ဘဝ လုံခြုံဘေးကင်း၍ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါသည်။

ထို့နောက်တွင် စွမ်းရည်ဂုဏ်ဒြပ်များနှင့် ထူးချွန်ထက်မြက်၍ နိုင်ငံနှင့် အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သောစိတ်ဓာတ်၊ ကောင်းမြတ်သော ဂုဏ်ရည်များကို ပိုင်ဆိုင်သည့် မြန်မာအမျိုးသမီးအင်အားစုကြီးတစ်ရပ်လုံး၏စည်းလုံးမှုအင်အားဖြင့် အမျိုးသမီးများ၏အကျိုးစီးပွားကို ဖော်ဆောင်သည့် အနေဖြင့်လည်းကောင်း၊ ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း ၁၉၉၈ ခုနှစ်မှ စတင်ကာ နှစ်စဉ် ဇူလိုင်လ ၃ရက်နေ့ကို **'မြန်မာအမျိုးသမီးများနေ့'**အဖြစ် သတ်မှတ်၍ အခမ်းအနားများ ကျင်းပခဲ့သည်။

မျက်မှောက်ခေတ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခေတ်စနစ်၊ နည်းပညာများ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲနေပြီဖြစ်ရာ အမျိုးသမီးများ ကဏ္ဍမြှင့်တင်ရေး၊ အမျိုးသမီးများဘဝ လုံခြုံမှုရှိနိုင်ရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအား လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် **'မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်'**အဖြစ် ပြင်ဆင် တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ရည်ရွယ်ချက် (၇)ရပ်နှင့် အမျိုးသမီးများ ဘဝအတွက် ဗဟိုမှ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းမှ မြို့နယ်၊ မြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်စုအထိ အမျိုးသမီးရေးရာအဖွဲ့များကို အဆင့်ဆင့် ဖွဲ့စည်း၍ နိုင်ငံတော်နှင့်အတူ အမျိုးသမီးများ၏ဘဝကို မြှင့်တင်ဖော်ဆောင်ပေးနေပြီဖြစ်ပါသည်။ ထို့ပြင် ကွန်ပျူတာ၊ နက္ခတ္တဗေဒ၊ စာရင်းကိုင်၊ အင်္ဂလိပ်စကားပြော၊ စက်ချုပ်၊ ဇာထိုးပန်းထိုး၊ သစ်သီးနှင့် ပန်းအလှပြင်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ နွမ်းပါးသော ကလေးသူငယ်များ၊ ဆွံ့အနားမကြားကျောင်းများ၊ ဆေးရုံများ၊ ဆေးရုံရှိလူနာများ စသည်တို့ကိုအထောက်အကူပစ္စည်းများပေးခြင်း၊ ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ သွေးလှူခြင်းများကို စိတ်ရင်းစေတနာကောင်းနှင့် ပြုလုပ်လျက်ရှိကြ၏။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း နိုင်ငံနှင့်လူမျိုး အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ကာ ဆောင်ရွက်လျက်ရှိနေကြသည်ကို အများပြည်သူများ အထင်အရှား တွေ့မြင်နေကြရပြီ ဖြစ်ပါသည်။

ယခင်ကကဲ့သို့ **'အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ လျော်အောင်ဖြန့်ချီ၊ ပျင်းရိမမူ'** ဟူသော ဆိုစကားများနှင့် အိမ်တွင်း၌ မှီခိုအဖြစ်နေရသော ဘဝများ၊ **'သားကိုသခင် လင်ကိုဘုရား'**အဖြစ် မိန်းမသားဘဝ၊ **'ခြေတစ်လှမ်း ကုဋေတစ်သန်း'** လုပ်ဆောင်နေရုံမျှဖြင့် ကျေနပ်ဂုဏ်ယူနေကြ၍ မဖြစ်တော့ပြီဖြစ်သော ယနေ့ကာလတွင် နိုင်ငံတော်က မြန်မာအမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများချမှတ်ပြီး အဘက်ဘက်မှ အားပေးကူညီလျက်ရှိရာ မြန်မာအမျိုးသမီးအားလုံးကလည်း မိမိတို့၏အောင်မြင် ဖြစ်ထွန်းမှုအရှိန်အဟုန်အား ပိုမိုမြှင့်တင်၍ နိုင်ငံတည်ဆောက်ရေးလုပ်ငန်း အသီးသီးတွင် နိုင်ငံ့ပခုံး၊ နိုင်ငံ့လက်ရုံးများအဖြစ် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

စွမ်းဆောင်မှုဂုဏ်ရည်မြင့်မားသည့် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်စေရန် ပုခက်လွှဲသော ရွှေလက်များ၏အားဖြင့် မြန်မာယဉ်ကျေးမှု ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းလျက် **'ကမ္ဘာတစ်လွှား ဝင့်ကာကြွားနိုင်သော တို့မြန်မာအမျိုးသမီးများ'**အဖြစ် အနာဂတ်ကို အလှဆင်နိုင်သူများဖြစ်ကြပါစေဟု ဆုတောင်းရင်း ၂၀၁၀ ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ရောက်ရှိသည့် မြန်မာအမျိုးသမီးများနေ့အား လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုလိုက်ရပါတော့သတည်း။ ။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများအနေဖြင့် ပင်ကိုဗီဇ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ အရှက်သိက္ခာ၊ ဣန္ဒြေကြီးခြင်းတို့မှာ မွေးရာပါ ထူးခြားသောဝိသေသများအဖြစ် ရှေးယခင်ကပင် ရှိနှင့်ပြီးဖြစ်ပေရာ နောင်လာ နောက်သား မျိုးဆက်သစ် မေမြန်မာမိန်းကလေးများအနေနှင့် ထိုဂုဏ်ရည်တို့ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြဖို့ လိုအပ်လှပေသည်။

အမေ, ဇနီးနှင့် သမီးများအလှ

➢ ငါ့အမေ
လှပါပေ မဟုတ်သော်ငြား။
"မြန်မာအမျိုးသမီး" ဆိုတဲ့
အရိပ်ထီးမှာ စံတင်ရအောင်
ဟိတ်ကြီးကာ ဟန်အထင်ကရ
လှပါပေသား။

➢ ငါ့ဇနီးစံ
ပန်းပန်ဟန် သရုပ်ဖော်နဲ့
နန်းဆန်ဆန် မဟုတ်သော်ငြား။
မဟာဆန်သူကြီးရယ်လို့
မြန်မာ့သမီး ပုံထင်ကဲစွာဖြင့်
မြန်မာ့ဇနီး ဂုဏ်အင်ထဲမှာ
ပွဲတင့်ပေသား။

➢ ငါ့သမီးတွေ
ခရီးရှည် လှမ်းခြေအစမှာ
အလှပြည့်စုံ မတင့်သော်ငြား
ဓန၏ဂုဏ် မဆင့်သော်ငြား----။
မြန်မာ့သမီးချောရယ်လို့
ပြောနိုင်အောင် မြန်မာပီသစွာ
လှရမယ် ရည်ရွယ်စိတ်ရယ်နဲ့
အရိပ်မှာ အရောင်ထွက်အောင်
အမွေဆက်ခံ ပျိုးထောင်ထားလေတော့
(အလိုကွယ်----)လှအား ကြွယ်သား။ ။

စိုးမြင့်သန်းမောင် (စာပေပိမာန်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"လူသုံးမျိုး" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိုတ္တိသာရ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	ဗီဒီယိုပြခန်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၆)**
၈း၃၀	ရွှေမြိုင်ဆန်တန်းမှ ဓမ္မပန်းကလေးများ
၈း၄၅	Activities in The City -nexusဆိုသည်မှာ -အနုပညာမိသားစုများနှင့် ကိုလူချောတို့အဖွဲ့
၉း၁၅	အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
၉း၃၅	Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊ ခင်မောင်ညို (ဘောဂဗေဒ)၊ မျိုးမြတ်သူ
၁၀း၄၀	အနာဂတ်ပန်းတိုင်ဆီသို့
၁၀း၅၅	ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ(ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁း၀၀	ရန်ကုန်မြင်ကွင်းကျယ် (Life &Dance)သင်တန်းဖွင့်ပွဲ အခမ်းအနား
၁၁း၂၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၇) [(ရုပ်ရှင်တေး-အတွဲ(၂)]
၁၁း၅၅	ဈေးဝယ်လမ်းညွှန် (Bloom)
၁၂း၁၅	စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်းကင်ဆာစကားဝိုင်း(ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁း၀၀	"လူသုံးမျိုး" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိုတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း Selection (အပိုင်း-၁)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၆)**
၄း၂၀	Activities In The City -nexusဆိုသည်မှာ -အနုပညာမိသားစုများနှင့် ကိုလူချောတို့အဖွဲ့
၄း၅၀	ရွှေမြိုင်ဆန်တန်းမှ ဓမ္မပန်းကလေးများ
၅း၁၀	အနာဂတ်ပန်းတိုင်ဆီသို့
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
၆း၅၀	ဗီဒီယိုပြခန်း
၇း၀၅	ဈေးဝယ်လမ်းညွှန် (Bloom)
၇း၃၀	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း Selection (အပိုင်း-၁)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၆)**
၁၀း၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၇) [(ရုပ်ရှင်တေး-အတွဲ(၂)]
၁၀း၃၀	Sports World (Sunday Special)
၁၀း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Life &Dance)သင်တန်းဖွင့်ပွဲ အခမ်းအနား
၁၁း၁၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
၁၁း၄၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၃

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့် မြို့နယ် ခုနစ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ထူးချွန်အမျိုးသမီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ သက်ငယ် အမျိုးသမီးရေးရာအဖွဲ့ဝင်ကျောင်းသူလေးများက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးဌာန ဌာနမှူး ဒေါ်သန္တာဘုန်းဝင်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆောင်းပါး၊ စာစီစာကုံး၊ ပညာရေး၊ အားကစား၊ မသန်စွမ်းမီးသတ်နှင့် ကြက်ခြေနီ ထူးချွန်အမျိုးသမီး ၆၁ ဦးတို့အား မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ တိုင်းရင်းသား တေးသရုပ်ဖော်အကကို "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်သည်။ ယင်းနောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပါဝင်ကူညီခဲ့ကြသူများ၊ အဖွင့်တေးသီချင်း၊ တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကော့သောင်းမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကော့သောင်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂ ရက်တွင် ကော့သောင်းမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်ကို စိုက်ပျိုးပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လူမှုရေးအသင်းအဖွဲ့များအား ပျဉ်းကတိုးပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ပျဉ်းကတိုးပျိုးပင်ကို သတ်မှတ်နေရာတွင် စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့နှင့် ပုလုံးတုံးတုံးကျေးရွာတို့ကို ဆက်သွယ်ထားသည့် ပုလုံးတုံးတုံး တံတားကြံခိုင်မှု အခြေအနေကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ပုလုံးတုံးတုံး ကမ်းခြေ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအနီး မိုးစပါးထွန်ယက်စိုက်ပျိုးသည့် နေရာသို့ရောက်ရှိပြီး ဆင်းသွယ်ရင်စပါးမျိုးအား စုပေါင်းစိုက်ပျိုးနေမှုနှင့် စုပေါင်းထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးကာ ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် မျိုးစပါးနမူနာများ၊ ရွက်ဖြန်းဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေး၊ အပင်ရောဂါသတ်ဆေးနှင့် ဆေးဖျန်းကိရိယာများအား ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကော့သောင်းခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကော့သောင်း-ခမောက်ကြီးလမ်းပိုင်း အခြေအနေများနှင့် လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဆီအုန်းနှင့် ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာနနှင့် ရုံးအမှတ် (၄၇) ကျန်းမာရေးဝန်ကြီးဌာနရုံးတို့၌ ကျင်းပသည်။

ရှေးဦးစွာ ရုံးအမှတ်(၄) သစ်ပင်စိုက်ပျိုးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နှစ်ရှည်သီးနှံစိုက်ခင်းမြေနေရာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက စိန်ပန်းပင်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက စိန်တစ်လုံးသရက်ပျိုးပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြကာ ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရုံးအမှတ်(၄၇) သစ်ပင်စိုက်ပျိုးပွဲသို့ သွားရောက်၍ ရုံးရှေ့မျက်နှာစာ၌ ဝန်ကြီးက ကံ့ကော်ပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက စိန်ပန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက ခရေပင်များ စိုက်ပျိုးပေးကြပြီး ဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ မိုးရာသီသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ စိန်ပန်း၊ ခရေ၊ ကျွန်း၊ ပိတောက်၊ မဲဇလီ၊ တမာ၊ စိန်တစ်လုံးသရက် စသည့် စိုက်ပျိုးပင် ၇၅၀ ကျော်ကို ရုံးအမှတ်(၄)ရှိ မြေနေရာတွင်လည်းကောင်း၊ ရုံးအမှတ်(၄၇) မြေနေရာတွင် ကံ့ကော်၊ စိန်ပန်း၊ ခရေ၊ ပိတောက်၊ ငု၊ စိန်တစ်လုံးသရက်၊ ပိန္နဲ၊ တမာစသည့် စိုက်ပျိုးပင် ၃၇၅ ပင်ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ကျောက်တံတား၊ ဒဂုံနှင့် ပန်းဘဲတန်းမြို့နယ်များရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဇာကရီခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ပန်းဘဲတန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဒဂုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်မြို့နယ်ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်း တာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ကျောက်တံတား၊ ဒဂုံနှင့် ပန်းဘဲတန်းမြို့နယ်တို့မှ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၁၄၃ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

မြဝတီခရိုင် ကျန်းမာရေးဦးစီးဌာနသို့ ဆေးရုံသုံး ECG စက်နှင့် ခုတင်ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃

မြဝတီခရိုင် ကျန်းမာရေးဦးစီးဌာနသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁ ရက် ညနေ ၃ နာရီတွင် မြဝတီခရိုင် ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

ယင်းပေးအပ်လှူဒါန်းပွဲသို့ မြဝတီခရိုင် ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးနောင်က အမှာစကားပြောကြားပြီး ကျောက်ပန်းတောင်းမြို့နေ ဦးဝင်းစိုး၊ ဒေါ်စမ်းသပြေထွန်း (နဒီရွှေဝါကုမ္ပဏီလီမိတက်)တို့က လှူဒါန်းသော တန်ဖိုးကျပ် ၂၂ သိန်းရှိ ECG စက်တစ်လုံးနှင့် လူနာတင်ခုတင်တစ်လုံးကို အလှူရှင်များကိုယ်စား မြဝတီမြို့နေ ဦးကျော်ဟိန်းကလည်းကောင်း၊ ဦးဝမ်းထွဋ်၊ ဒေါ်နီနီဝင်းတို့က တန်ဖိုးကျပ်ငါးသိန်းရှိ အထူးကြပ်မတ်ဆောင်သုံးလူနာခုတင်ကို အလှူရှင် ဦးဝမ်းထွဋ်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ညွန့်က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသွေးလှူ

ရန်ကုန် ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ရန်ပုံငွေရှာဖွေရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ သုခမ္မမဏိဇောတရေ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန်(တတိယ/ပထမဆင့်)ဆုရှင်သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ဇူလိုင် ၂ ရက်က (၁၁၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပ

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအဆင့်ထိ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းထား

မြန်မာအမျိုးသမီးများ၏ဘဝ လှုပရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့် ခြောက်နှစ်ကျော်ကာလတွင် အဖွဲ့ဝင် ၅ ဒသမ ၁ သန်းခန့် ရှိနေ

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ၂၀၁၀ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြသီဂီ၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် စစ်သံမှူးများ၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အမှာစကားပြောကြားရာ၌ မိမိတို့ မြန်မာအမျိုးသမီးများသည် သမိုင်းအစဉ်အလာကောင်းသူများ ဖြစ်ကြကြောင်း၊ မိခင်စိတ်ဓာတ်နှင့် မေတ္တာတရားရှေ့ထားပြီး အများအကျိုးကို ကျရာနေရာမှ ကျေပွန်စွာထမ်းဆောင်နိုင်သည့် အရည်အချင်းရှိသူများဖြစ်သည်နှင့်အညီ မိမိတို့ မြန်မာအမျိုးသမီးများသည် အိမ်ထောင့်တာဝန်ကစပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများအထိ အမျိုးသားများနှင့် တန်းတူရည်တူ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများသည် မည်ကဲ့သို့သောအခက်အခဲအခြေအနေမျိုးကိုမဆို ဇွဲသတ္တိ၊ ရဲရင့်မှု၊ စိတ်ဓာတ်ခိုင်မာမှုတို့ဖြင့် အောင်မြင်အောင် ကျော်လွှားနိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်မြသီဂီ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သော "မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ" ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အေကေမိုး(သတ္တဗေဒ) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အနှစ်သာရပြည့်ဝ

နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကောင်းသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဘဝပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ဇူလိုင် ၃ ရက်နေ့ကိုပင် "မြန်မာအမျိုးသမီးများနေ့"အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသည် လေးနက်ပြီး အနှစ်သာရပြည့်ဝသည့် အခမ်းအနားဖြစ်ကြောင်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသားအဆင့် ယန္တရား (National Mechanism) တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ရာတွင် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသမီးများကိုယ်တိုင်ဦးဆောင်သည့် အင်အားစုတစ်ရပ်ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းသဘာဝချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူဆောင်ရွက်ရန်၊ မြန်မာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းရာတွင် မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဦးတည်သည့် မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်(၇)ရပ်ဖြင့် ချမှတ်ဖွဲ့စည်းခဲ့ကြောင်း။

ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းထားပြီး မြန်မာအမျိုးသမီးများ၏ ဘဝလှုပရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ အမျိုးသမီးများအတွက် မွန်မြတ်တဲ့လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မှုတို့ကြောင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့် ခြောက်နှစ်ကျော်ကာလအတွင်း အဖွဲ့ဝင်အင်အား ၅ ဒသမ ၁ သန်းခန့် ရှိနေပြီဖြစ်ကြောင်း။

အမျိုးသမီးများ ဘဝလုံခြုံရေးကဏ္ဍတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဟောပြောခြင်း၊ ပညာပေးဌာနများဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အပြင် ပြည်နယ်နှင့် တိုင်းများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် သင်တန်းများပေးခြင်း၊ လူကုန်ကူးခံရသူ အမျိုးသမီးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့အောင် ပြုစုပျိုးထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးပြီး အလုပ်အကိုင်၊ အခွင့်အလမ်းများ ရှာဖွေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း။

အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပညာရည်မြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် နှစ်စဉ်ပညာသင်စရိတ်များ၊ သင်ထောက်ကူပစ္စည်းများဖြင့် ပံ့ပိုးကူညီထောက်ပံ့နေသကဲ့သို့ ကျောင်းပြင်ပ ပညာရေး၊ စာတတ်မြောက်ရေး၊ စဉ်ဆက်မပြတ်ပညာရေး အစရှိသည့် ကဏ္ဍများတွင်လည်း တိုးမြှင့်ခိုင်မာအောင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသမီးများ၏ မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသိပညာပေးရေး၊ HIV/AIDS ရောဂါကူးစက်မှု တားဆီးကာကွယ်ရေး အသိပညာပေးရေး၊ အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ရေးနှင့် နှစ်သိမ့်ဆွေးနွေးမှုလုပ်ငန်းများကိုလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်းအပြင် ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် ဆင်းရဲမှု ပပျောက်ရေးအတွက် အထောက်အကူပြုစေရန် အသေးစားချေးငွေများနှင့် အသေးစား မတည်ငွေများကို ပြည်နယ်/တိုင်း အသီးသီးရှိ အထူးလိုအပ်နေသော အမျိုးသမီးများအား ပံ့ပိုးကူညီလျက်ရှိကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် ပြည်နယ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်း ပညာပေးစည်းရုံးလှုပ်ရှား ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာအမျိုးသမီးများသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားအောင် စံနမူနာပြအဖြစ် ကြိုးပမ်းရာတွင်လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးရာတွင်လည်းကောင်း၊ နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများဖြစ်ရန် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးရာတွင်လည်းကောင်း အသီးသီး စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ရုံသာမက ယနေ့ထက်တိုင်လည်း ကျရာတာဝန်များကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားကို သမိုင်းမော်ကွန်းတင်ကာ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ၂၀၀၈ ခုနှစ် အမျိုးသားစာပေဆုရ အမျိုးသမီးစာရေးဆရာမ ဒေါ်ကြူကြူသင်း၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ဆုစံ၊ ၂၀၀၉ ခုနှစ် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်းစိန်မှုခင်းဌာနမှ ရဲအုပ်မြင့်မြင့်တင်နှင့် ၂၀၀၉ ခုနှစ် ထူးချွန်အမျိုးသမီးကြက်ခြေနီတပ်ဖွဲ့ဝင် ပဲခူးတိုင်း(အနောက်)ပြည်မြို့မှ ဒေါ်နီနီမိုးတို့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်မိမိက ၂၀၀၉ ခုနှစ် ထူးချွန်အားကစားမယ် ရန်ကုန်တိုင်း သုဝဏ္ဏအားကစားရုံမှ မကြူကြူသင်း၊ ၂၀၀၉ ခုနှစ် ထူးချွန်မသန်စွမ်း အားကစားမယ် မအေးအေးမူ၊

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သော "ကမ္ဘာတစ်လွှား ဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ" ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်စုစုခိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ် ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် နေပြည်တော် ဗဟိုမီးသတ်စခန်းမှ တပ်ကြပ်ကြီးမော်လီဆွေနှင့် ၂၀၀၉ခုနှစ် အကြိမ် (၆၀)အထက် အများဆုံးသွေးလှူရှင် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ယုယုဝေတို့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်မြသီဂီက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သော "မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ" ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ အေကေမိုး(သတ္တဗေဒ)၊ ဒုတိယဆုရ ဦးကိုကိုခိုင် (ပြန်/ဆက်)၊ တတိယဆုရ လှိုင်သန်းတင် (ရွှေပန်းချီ-ရမည်းသင်း)နှင့် အထူးဆုရရှိကြသူများကိုယ်စား ထွန်းထွန်းအေးနှင့် စောအောင်မင်း (နယူးအာရှဓာတ်ပုံ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာ့ရုပ်မြင်သံကြ

၄-၇-၂၀၁၀ (တ

(၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	ဘိလပ်မြေစက်ရုံ (နေပြည်တော်)
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၂)**
၁၂း၃၀	၅။	Golf Magazine(TV)
၁၂း၅၀	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "မင်္ဂလာရှိသော နေ့ရက်များ" (ရဲအောင်၊ ကျော်ကျော်ဗို၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ကုသိုလ်)**
၂း၃၀	၇။	တေးဂီတအစီအစဉ်
၂း၄၀	၈။	ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၁၀)
၂း၅၅	၉။	International News
၃း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅	၁။	မြန်မာ-စင်ကာပူချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာ့လက်ရွေးစင်အသင်း နှင့် စင်ကာပူ Asian Games Team အသင်း)

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး
ဒေါ်သက်သက်ဇင်က မြန်မာအမျိုးသမီးများ
သော "ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မ
တွင် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနား
ဒေါက်တာဒေါ်စုစုခိုင်၊ ဒုတိယဆုရ ဦးတင်
တတိယဆုရ ဒေါ်အေးမြတ်မြတ် (အေးမြ
တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအ

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအ
ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူ
အတွင်း ခင်းကျင်းပြသထားသည့် ၂၀၀၉ ခု
အနား မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံအ
မှတ်တမ်းဓာတ်ပုံများ၊ ထူးချွန်ဆုရ အမျိုးသမီ
အမျိုးသမီးများနေ့အကြို လှုပ်ရှားမှုမှတ်တမ်း
များနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးအဖွဲ့များ
ကြည့်ရှုကြသည်။



မြို့နယ်အတွင်း စပါးစိုက်ပျိုးမှုကို
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၇-၂၀၁၀ (တနင်္ဂနွေနေ့)
(၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၂၅ ၈။ ဘိလပ်မြေစက်ရုံ (နေပြည်တော်)
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၂)**
- ၁၂း၃၀ ၅။ Golf Magazine(TV)
- ၁၂း၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "မင်္ဂလာရှိသော နေ့ရက်များ" (ရဲအောင်၊ ကျော်ကျော်ဗို၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ကုသိုလ်)**
- ၂း၃၀ ၇။ တေးဂီတအစီအစဉ်
- ၂း၄၀ ၈။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၁၀)
- ၂း၅၅ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၁၅ ၁။ မြန်မာ-စင်ကာပူချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာ့လက်ရွေးစင်အသင်း နှင့် စင်ကာပူ Asian Games Team အသင်း)
- ၅း၁၅ ၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၁၈)
- ၆း၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ "သူရဲကောင်းတို့ နှလုံးအိမ်ဝယ်" (ပထမပိုင်း) (ခင်မို့မို့အေး၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ သူရလင်း၊ ရန်နိုင်၊ ချစ်စု၊ ရတနာကျော်ဦး၊ ခင်မီမီကို) [ဒါရိုက်တာ-မေတင်(MMG]
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၁၈)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ သွေး(အေဝမ်းစိုးမြင့်နှင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
- ၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၃၉)**
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၂၂) (ဇာတ်သိမ်းပိုင်း)**
- ၁၄။ ရုပ်သံကြယ်ပွင့်များ
- ၁၅။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ၂၀၁၀ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် "တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရိုးရာအလှ" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)
- ၁၆။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၇။ အစီအစဉ်ပြီး၏။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သော "ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာ အမျိုးသမီးများ" ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်စုစုခိုင်၊ ဒုတိယဆုရ ဦးတင်ထွန်း (ချယ်ရီမြေ မောင်တင်ထွန်း)နှင့် တတိယဆုရ ဒေါ်အေးမြတ်မြတ် (အေးမြတ်မြတ်-နိုင်ငံခြားဘာသာတက္ကသိုလ်) တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၀၉ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ထူးချွန်ဆုရ အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ မြန်မာအမျိုးသမီးများနေ့အကြို လှုပ်ရှားမှုမှတ်တမ်းတင် ဓာတ်ပုံများ၊ ပြိုင်ပွဲဝင် ဆုရဓာတ်ပုံများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးအဖွဲ့များ၏ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

မြို့နယ်အတွင်း စပါးစိုက်ပျိုးမှုကို ရှင်းပြခဲ့သော မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦး။

ဝန်ကြီး သူရဦးအေးမြင့် ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် (၁၄)ကြိမ်မြောက် အင်ချွန် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလီယွန်တက်၏ ဖိတ်ကြားချက်အရ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ အားကစားချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် အင်ချွန်မြို့ရှိ မွန်ဟက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အားကစားကွင်း (Munhak World Cup Stadium) သို့ သွားရောက်၍ (၁၄)ကြိမ်မြောက် အင်ချွန်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလီယွန်တက်နှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ နှစ်နိုင်ငံ အားကစားပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ထို့နောက် အားကစားကွင်းအတွင်းရှိ ကိုရီးယားလူငယ် အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် အင်ချွန်မြို့တော်ခန်းမ၌ ခေတ္တမြို့တော်ဝန်နှင့် တွေ့ဆုံ၍ အားကစားကဏ္ဍဆိုင်ရာ ကိစ္စရပ်များတွေ့ဆုံဆွေးနွေးခဲ့ပြီး ကိုရီးယားနိုင်ငံ အင်ချွန်မြို့တွင် ရောက်ရှိပြီး ပူးတွဲလေ့ကျင့်မှုများ ဆောင်ရွက်နေသော မြန်မာတိုက်ကွမ်ဒို အားကစားသမားများအားလည်းကောင်း၊ ဇွန် ၃၀ ရက်တွင် ကိုရီးယားနိုင်ငံ ဝမ်ဂျူးမြို့ မွန်မက်အားကစားခန်းမ၌ ပူးတွဲလေ့ကျင့်ရန် ရောက်ရှိနေသော မြန်မာမြားပစ်အားကစားအဖွဲ့ဝင် ၂၀ အား လည်းကောင်း သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ဆိုးလ်မြို့ရှိ ကိုရီးယားယဉ်ကျေးမှု အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာယူအင်ချွန်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ အားကစားပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ခန်းမသို့ သွားရောက်ကာ အမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့သည်။

ဆွေးနွေး

ဝန်ကြီးသည် ဇူလိုင် ၁ ရက်တွင် IAGOC ဥက္ကဋ္ဌ ဒေါက်တာလီယွန်တက်၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဟောင်း Mr. Park Kee Jung, Daewoo Co., Ltd. ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံပြီး မြန်မာအားကစား တိုးတက်မြင့်မားရေး ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အိုလံပစ်ပြိုင်ပွဲနှင့်အားကစားပြိုင်ပွဲများတွင် အဓိကပံ့ပိုးကူညီသူ Sponsor အဖြစ် ဆောင်ရွက်ပေးနေသည့် Sumsung Electronics ရုံးချုပ်သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ဇူလိုင် ၂ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အဖွဲ့ဝင်များဖြစ်ကြသည့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဒေါက်တာခင်ရွှေတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အင်ချွန်မြို့ရှိ မွန်ဟက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အားကစားကွင်း၌ အင်ချွန်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလီယွန်တက်နှင့် တာဝန်ရှိသူများအား တွေ့ဆုံစဉ်။ (အား/ကာ)

❂ **ကျောဖုံးမှ**

ဦးစိန်ဝင်း ဦးဆောင်တဲ့ တောင်သူအများစုရဲ့ တောင်းဆိုမှုကြောင့် အခုလိုလာရောက်ဖြည့်ဆည်းပေးတာ ဖြစ်ပါတယ်"ဟု ဦးစွာရှင်းပြပါသည်။

ကြေးမုံသတင်းအဖွဲ့လည်း ဧည့်ခန်းမမှ မြို့နယ်ဥက္ကဋ္ဌ ရုံးခန်းသို့ ဝင်ခဲ့ကြသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက "ပန်းတနော်မြို့နယ်ရဲ့ စပါးစိုက်ပျိုးမှုက ၂၀၀၉-၂၀၁၀ မှာ မိုးစပါး ၈၉၀၁၁ ဧကနဲ့ နွေစပါး ဧက ၄၆၀၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခု ၂၀၁၀-၂၀၁၁ မှာ မေလအကုန်အထိ မိုးစပါး ၉၆၂၈ ဧက စိုက်ပျိုးပြီးခဲ့ပါပြီ"ဟု ရှင်းပြသည်။ ထို့နောက် မြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုများ မှတ်ယူပြီးနောက် မိုးကြိုစပါးများ ဖြစ်ထွန်းအောင်မြင်နေသော ဘဝိုင်းကျေးရွာရှိ တောင်သူကြီး ဦးစိန်ဝင်း၏ စိုက်ကွင်းဆီသို့ သတင်းခရီးဆက်ခဲ့ကြသည်။

စိုက်ကွင်းတွင် တောင်သူကြီး ဦးစိန်ဝင်းက "ကျွန်တော်တို့ ပန်းတနော်မြို့နယ်မှာ ကုန်းမြေစိုက်ပျိုးမှုထက် ရေကြီးကွင်း၊ ရေနက်ကွင်းများက ပိုများပါတယ်၊ တောင်သူအများစုက ကုန်းမြေမှာပဲ ဇွန်လမှာ မိုးစပါး စစိုက်တယ်၊ အောက်တိုဘာလမှာ ရိတ်သိမ်းတယ်၊ နောက် နိုဝင်ဘာလမှာ မတ်ပဲ စစိုက်ကြပါတယ်၊ ဖေဖော်ဝါရီလမှာ ပဲသိမ်းတယ်၊ ဒီနှစ်သီးပဲ စိုက်ကြပါတယ်။ ကြားကာလ မတ်၊ ဧပြီ၊ မေ သုံးလမှာ မြေက အကျိုးမဲ့ဖြစ်နေတယ်၊ အဲဒီ အကျိုးမဲ့ဖြစ်နေတာကို အကျိုးရှိစေချင်လို့ အခုလို မိုးကြိုစပါးကို စမ်းသပ်စိုက်ပျိုးဖြစ်တာပါ"ဟု ဦးစွာ ရှင်းပြသည်။

ထို့နောက် စိုက်ပျိုးနည်းစနစ်အား စေ့ငုကြည့်ရာ "မျိုးစပါးအနေနဲ့ ဆင်းသွယ်ရင် မျိုးသန့်သန့်ကို သုံးပါတယ်၊ မတ်လ ၃ ရက်နေ့မှာစိုက်မယ့် တစ်ဧကအထွက်မျိုးစပါး ၁၀ ပြည်ကို ပျိုးကြဲခဲ့ပါတယ်။ နောက် ရက် ၂၀ အကြာမှာ ပျိုးနုတ်တယ်၊ ကောက်ပြန်စိုက်တယ်၊ ကောက်ပင်တစ်ပင်နဲ့တစ်ပင် တစ်တန်းနဲ့တစ်တန်းကြား ခြောက်လက်မခြား (ခြောက်ပတ်လည်) ပြန်စိုက်ခဲ့ပါတယ်။ အခု ဇွန်လဆန်းမှာ မြင်တွေ့နေရတဲ့အတိုင်း ရိတ်သိမ်းလို့ရနေပါပြီ"ဟု အသေးစိတ် ပြောကြားသည်။

ဆက်လက်၍ "ကျွန်တော့်မှာ လယ်ဧက ၁၇၀ ရှိပါတယ်။ ဒီအောင်မြင်မှုလမ်းကြောင်းပေါ်မှာ မမှိတ်မသုန် လျှောက်လှမ်းသွားမှာပါ။ ကျွန်တော်လိုပဲ ဒီပန်းတနော်မြို့နယ်က တောင်သူတွေလည်း အခုလို မိုးကြိုစပါး စိုက်ကြမယ်ဆိုရင် မြို့နယ်အနေနဲ့ ဆန်ဖူလုံမှုက အများကြီးမြင့်တက်လာမှာပါ"ဟု ဆိုစကားကြောင့် တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသော ခံယူချက်ဖြင့် ကြိုးစားနေသော တောင်သူကြီးများအား ကြိုဆိုဂုဏ်ပြု၍ နိုင်ငံ့အဝန်း ဆန်စပါး ပေါ်ကြွယ်ဝမှုအတွက် နည်းလမ်းတစ်သွယ်အဖြစ် လေ့လာတင်ပြလိုက်ရပါသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် ကျောင်းသူလေးများက " အင်အားသစ် များနှင့်အတူ" သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြ ထူးချွန်အမျိုးသမီး တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ရန်ကုန်တိုင်းအတွင်းရှိ ဂုဏ်ထူးဆောင်၊ လူမှုရေးနှင့် ပညာရေးနယ်ပယ်အသီးသီးတို့မှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် ကျောင်းသူလေးများက "အမျိုးသမီးတို့၏ အားမာန်" သီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ပြည်သူ့အကျိုးပြုလှုပ်ရှားမှုနှင့် ထူးချွန်အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်တို့ကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

မိတ္ထီလာ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင် အခမ်းအနား ကျင်းပ

မိတ္ထီလာ ဇူလိုင် ၃

မိတ္ထီလာမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးရှေ့၌ ကျင်းပသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဆိုင်းဘုတ်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်း၊ အဖွဲ့ဝင်ဦးခင်မောင်ဝင်းနှင့် ဦးညဏ်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ကန်တော်မင်္ဂလာခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများမှ မဲစာရင်းပြုစုရာတွင် ဖြည့်စွက်ရမည့်ပုံစံများကို ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သိန်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိုက်ထွန်းတို့က ဆွေးနွေးခဲ့ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။ (ခရိုင်ပြန်/ဆက်)

ခရမ်းမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့နယ် ကမာကလူကျေးရွာအဝင်လမ်း၌ ကျင်းပသည်။ စိုက်ပျိုးပွဲတွင် ခရမ်းမြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ အော်ရီရှား၊ ဟိုလိုရှား၊ ပျဉ်းမ အစရှိသည့် ပျိုးပင်ပေါင်း ၁၈၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ရေတပ်၏ ပစ်ချမှုကြောင့် ခရီးသည်တင် လေယာဉ်ပျက်ကျမှု အောက်မေ့ဖွယ်အခမ်းအနား ပါရှန်ပင်လယ်ကွေ့၌ အီရန် ကျင်းပ

ဘန်ဒါအဘတ်စ်(အီရန်) ဇူလိုင် ၃

လွန်ခဲ့သော ၂၂ နှစ်ခန့်က အီရန်လေကြောင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းကို အမေရိကန် စစ်သင်္ဘောတစ်စင်းက ပစ်ချခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသော ခရီးသည် ၂၉၀တို့အတွက် အောက်မေ့ဖွယ်အခမ်းအနားတစ်ရပ်ကို ပါရှန်ပင်လယ်ကွေ့တွင် စနေနေ့က ကျင်းပခဲ့ကြောင်း သိရသည်။

ပန်းများကြဲ

သေဆုံးခဲ့သူများ၏ ဆွေမျိုးသားချင်း ၂၅၀ ခန့်နှင့် အီရန်အာဏာပိုင်များသည် အီရန်တောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော ဘန်ဒါအဘတ်စ်မြို့မှ လေယာဉ်ပျက်ကျခဲ့ရာနေရာသို့ ရေကြောင်းခရီးဖြင့် လာရောက်ခဲ့ကြပြီး အီရန် လေတပ် ရဟတ်ယာဉ်များက ယင်းရေပြင်တစ်ဝိုက်တွင် ပန်းများကြဲချကာ သေဆုံးသူများအတွက် အောက်မေ့ဖွယ်အခမ်းအနားကို ကျင်းပခဲ့ကြသည်။

အီရန်-အီရတ် စစ်ပွဲပြီးဆုံး၍ တစ်လခန့်မျှအကြာ ၁၉၈၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ သွားရောက်ရန် ဘန်ဒါအဘတ်စ်မြို့မှ ပျံသန်းလာသော အီရန်လေကြောင်းလိုင်းပိုင် အဲဘတ်စ်အေ-၃၀၀ ခရီးသည်တင်လေယာဉ်ကို အမေရိကန်ရေတပ် စစ်သင်္ဘောဗင်းဆင်းနက်စ်က ပစ်ချခဲ့သည်။

ခရီးသည်တင် လေယာဉ်ကို ပစ်ချမှုနှင့်ပတ်သက်၍ အမေရိကန်အစိုးရက ဗင်းဆင်းနက်စ် စစ်သင်္ဘောသည် ခရီးသည်တင်လေယာဉ်ကို အီရန်လေတပ်ဂျက်တိုက်လေယာဉ်နှင့် မှားယွင်းပစ်ချခဲ့ခြင်းဖြစ်ကြောင်း ငြင်းချက်ထုတ်ခဲ့သည်။ သို့ရာတွင် အီရန်နိုင်ငံကမူ ယင်းလုပ်ရပ်ကို အမေရိကန်တို့က ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတ်မှတ်ထားခဲ့သည်။

ယင်းအောက်မေ့ဖွယ် အခမ်းအနားကို အီရန်အစိုးရက နှစ်စဉ် ပြုလုပ်လေ့ရှိပြီး နိုင်ငံပိုင် သတင်းမီဒီယာများတွင်လည်း ယင်းအခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့် ရိုက်ကူးပြသလေ့ရှိသည်။

အင်တာနက်။

ဇူလိုင် ၃ ရက်က ဖွင့်လှစ်လိုက်သော အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အင်ဒီရာဂန္ဒီ နိုင်ငံတကာလေဆိပ် လေဆိပ်ဆောင် အမှတ်(၃)ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တူရကီနိုင်ငံအရှေ့ပိုင်း၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

အင်ကာရာ ဇူလိုင် ၃

တူရကီနိုင်ငံ အရှေ့ပိုင်းပြည်နယ် ဘတ်တ်လစ်တွင် ဘိန်းဖြူ ၁၇၁ ဒသမ ၁ ကီလိုဂရမ်ကို တူရကီရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း ဘတ်တ်လစ် အုပ်ချုပ်ရေးမှူးရုံး ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ပြန်ကြေညာသည်။

တစ်စုံတစ်ဦး၏ သတင်းပေးချက်အရ ဘတ်တ်လစ်ဒီယာတာကီ အဝေးပြေးလမ်းတွင် တူရကီရဲတပ်ဖွဲ့က ကုန်တင်ကားတစ်စီးကို ရပ်တန့်စေပြီး ရှာဖွေရာမှ ယင်းသို့ဘိန်းဖြူများကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဖမ်းဆီး

ကုန်တင်ကားအတွင်း သို့ဝှက်ယူဆောင်လာသော ဘိန်းဖြူများကို ရှာဖွေသိမ်းဆည်းပြီးနောက် သံသယရှိသူ ၁၁ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

တူရကီနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်းဈေးကွက်မှ ဥရောပအနောက်ပိုင်းသို့ မူးယစ်ဆေးဝါးများ တရားမဝင် သယ်ယူပို့ဆောင်ရေးတွင် အဓိကဖြတ်သန်းရာ လမ်းကြောင်းဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ ဇူလိုင် ၂ ရက်က ဖြစ်ပွားခဲ့သော လောင်စာဆီတင်ယာဉ် တိမ်းမှောက်ပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူများကို ကယ်ထုတ်ရန်ကြိုးစားနေသော ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကွန်ဂို၌ လောင်စာဆီတင်ယာဉ် တိမ်းမှောက်ပေါက်ကွဲ ဆီဖောက်ထုတ်ရန် ကြိုးပမ်းသူ ၂၂၀ ခန့် သေဆုံး

ကင်ရှာဆာ(ကွန်ဂို) ဇူလိုင် ၃

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ လောင်စာဆီတင်ယာဉ်တစ်စင်း လမ်းချော်တိမ်းမှောက်ကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၂၂၀ ကျော် သေဆုံး၍ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

ထုတ်ယူရန်ကြိုးပမ်း

သေဆုံးသူနှင့် ဒဏ်ရာရရှိသူ အများအပြားသည် တိမ်းမှောက်ခဲ့သော လောင်စာဆီတင်ယာဉ်မှ ယိုဖိတ်ထွက်လာသော လောင်စာဆီများကို တရားမဝင် ထုတ်ယူရန် ကြိုးပမ်းခဲ့သူများဖြစ်ကြောင်း သိရသည်။

ယင်းလောင်စာဆီတင်ယာဉ် တိမ်းမှောက်မှုသည် ကွန်ဂိုနိုင်ငံ ယူဗီရာမြို့ မြောက်ပိုင်း ဘူရွန်ဒီနိုင်ငံ နယ်စပ်နှင့် မဝေးလှသော ဆန်ဂါကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ လူနေအိမ် ဒါဇင်ပေါင်းများစွာ မီးသင့်လောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကယ်ထုတ်နိုင်

ကွန်ဂိုနိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းက ဒဏ်ရာရရှိသူ ၃၅ ယောက်မျှကို ကယ်ထုတ်ပေးနိုင်ခဲ့ပြီး ကျန်ဒဏ်ရာရရှိသူ အတော်များများကို ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များက ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

အိန္ဒိယ၏ အင်ဒီရာဂန္ဒီ နိုင်ငံတကာလေဆိပ် လေဆိပ်ဆောင်အမှတ်(၃) ဖွင့်လှစ်

နယူးဒေလီ ဇူလိုင် ၃

နယူးဒေလီမြို့တော် အင်ဒီရာဂန္ဒီလေဆိပ်၏ စွမ်းဆောင်ရည်ကို ပိုမိုတိုးမြင့်လာစေပြီး အိန္ဒိယနိုင်ငံသို့လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များကို ကျေနပ်မှုပေးစွမ်းနိုင်စေရန် ရည်ရွယ်တည်ဆောက်ခဲ့သော နယူးဒေလီ နိုင်ငံတကာလေဆိပ်ဆောင်အမှတ်(၃)ကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဇူလိုင် ၃ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

နယူးဒေလီလေဆိပ်ဆောင် အမှတ်(၃)သည် နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေးနှင့် အိန္ဒိယနိုင်ငံ၏ တိုးတက်လာသော စီးပွားရေးကဏ္ဍအရ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာစေရေးအတွက် အိန္ဒိယအစိုးရက ရည်ရွယ်ဆောက်လုပ်နေသော အခြေခံအဆောက်အအုံများအနက် တစ်ခုဖြစ်သည်။

လေဆိပ်ဆောင် အမှတ်(၃)ကို တိုးချဲ့တည်ဆောက်ခဲ့ခြင်းကြောင့် နယူးဒေလီ အင်ဒီရာဂန္ဒီနိုင်ငံတကာလေဆိပ်သည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက်အကြီးဆုံး လေဆိပ်ဖြစ်လာမည်ဖြစ်သည်။ ယင်းလေဆိပ်ဆောင်သည် စတုရန်းပေသန်းပေါင်း ၅ ဒသမ ၄ သန်း ကျယ်ဝန်း၍ ဂိတ်ပေါက် ၇၈ ပေါက် ပါဝင်ကာ အလိုအလျောက်ရွေ့လျားလမ်း ၉၇ ခု ပါဝင်သည်။

အင်ဒီရာဂန္ဒီနိုင်ငံတကာလေဆိပ် လေဆိပ်ဆောင်အမှတ်(၃)ကို ၃၇ လနှင့်အပြီး တည်ဆောက်ခဲ့ပြီး ဒေါ်လာ ၃ ဘီလီယံ ကုန်ကျခံ သုံးစွဲခဲ့ရသည်။

အမ်အင်အေ၊ ရိုက်တာ။

မက္ကဆီကို ဒုစရိုက်ဂိုဏ်းများ တိုက်ပွဲဖြစ်ပွား ၂၁ ဦးသေဆုံး

ဟာမိုစီလို(မက္ကဆီကို) ဇူလိုင် ၃

မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်း ဆိုနိုရာပြည်နယ်တွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးသော ဂိုဏ်းများနှင့် ရွှေ့ပြောင်းနေထိုင်သူများကို တရားမဝင် သယ်ပို့ပေးနေသော ဂိုဏ်းများအကြား ကြာသပတေးနေ့၌ လက်နက်ကိုင်တိုက်ပွဲဖြစ်ပွားရာ ၂၁ ဦးသေဆုံး၍ အနည်းဆုံး ခြောက်ဦး ဒဏ်ရာရရှိကြောင်း အစိုးရရှေ့နေများအဖွဲ့က ပြောကြားသည်။

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် နယ်စပ်မြို့ နာဂိုလက်စ်မြို့မှ ၁၂ မိုင်ခန့်ကွာဝေးသောဒေသ၌ တိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်။

ဆိုနိုရာပြည်နယ် ရှေ့နေချုပ်ရုံးမှ ထုတ်ပြန်သော ကြေညာချက်တွင် တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာ၌ လူကိုးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဖော်ပြထားသည်။ ယင်းတို့အနက် ခြောက်ဦးမှာ ဒဏ်ရာရရှိထားသည်ဟု ဆိုသည်။ မော်တော်ယာဉ် ၁၂ စင်းနှင့် လက်နက်ခုနစ်မျိုးကို သိမ်းဆည်းရမိခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အရှေ့ဂျေရုဆလင်၌ အစ္စရေးအိမ်ရာများ တိုးချဲ့ဆောက်လုပ်မှု နိုင်ငံတကာဥပဒေနှင့် မညီကြောင်း ကုလသမဂ္ဂပြောကြား

နယူးယောက် ဇူလိုင် ၃

ဂျေရုဆလင်မြို့တော်အပါအဝင် သိမ်းပိုက်ထားသော ပါလက်စတိုင်း နယ်မြေများပေါ်၌ အစ္စရေးတို့က လူနေအဆောက်အအုံ များ တိုးချဲ့ဆောက်လုပ်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းက ဇူလိုင် ၂ ရက်က ပြောသည်။

အနောက်ဘက်ကမ်းတွင် အစ္စရေးတို့ လူနေအဆောက်အအုံများ ဆက်လက်ဆောက်လုပ်နေခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သကဲ့သို့ အရှေ့အလယ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန် နိုင်ငံတကာက သဘောတူညီထားသော လမ်းပြမြေပုံလည်း သွေဖည်ရာရောက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အရှေ့ဂျေရုဆလင်နယ်မြေတွင် အိမ်ရာအသစ်များဆောက်လုပ်ခြင်းနှင့် ယင်းနယ်မြေရှိ ပါလက်စတိုင်းအိမ်ရာများကို ဖြိုဖျက်ခြင်း စသည့် အစ္စရေးတို့၏ အစီအစဉ်များသည် ဌာနေ ပါလက်စတိုင်းတို့၏ ဆန္ဒနှင့် နိုင်ငံတကာဥပဒေကို ဆန့်ကျင်နေခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးက လွန်ခဲ့သော ရက်သတ္တပတ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၏ တောင်းဆိုမှုများကို မျက်ကွယ်ပြု၍ အရှေ့ဂျေရုဆလင် ဆီလ်ဝမ်ရပ်ကွက်အတွင်းမှ ပါလက်စတိုင်း နေအိမ် ၂၂လုံးကို ဖျက်ဆီးမည့် အစီအစဉ်အား အစ္စရေး ဒေသန္တရ အာဏာပိုင်များက အတည်ပြုပေးခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

မက္ကဆီကိုနိုင်ငံ ချီဟွာဟွာပြည်နယ် မွန်ထရေးမြို့၌ ဟာရီကိန်းမုန်တိုင်း အဲလက်စ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ပျက်စီးသွားသော အဝေးပြေးလမ်းပိုင်း တစ်နေရာကို ဇူလိုင် ၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ထိုင်းနိုင်ငံတောင်ပိုင်း ဗုံးပေါက်ကွဲမှုများဖြစ်ပွား ရှစ်ဦးသေဆုံး

ပတ္တာနီ(ထိုင်း) ဇူလိုင် ၃

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပုန်ကန်သောင်းကျန်းသူများဟု ယူဆရသူ လူတစ်စုက နှစ်နေရာခွဲ၍ လမ်းဘေးဗုံးခွဲတိုက်ခိုက်ခဲ့ရာ အရပ်သားတစ်ဦးအပါအဝင် ရှစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

ယာလာပြည်နယ် ယာဟာခရိုင် အတွင်းမှ ရွာတစ်ရွာသို့ သောကြာနေ့တွင် ရေပိုက်တပ်ဆင်ရန်သွားရောက်ကြသော တပ်ဖွဲ့ဝင်သုံးဦး ဗုံးပေါက်ကွဲခြင်းကြောင့် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နာရာသီဝပ်ပြည်နယ်တွင် ကြာသပတေးနေ့ ညနေပိုင်းက ဗုံးပေါက်ကွဲခဲ့ရာကင်းလှည့်နေသော ကျေးရွာလူကြီးတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဝန်ကြီး ဦးတင်ထွတ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနား တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၃

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရေး ဦးစီးကော်မတီနာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျင်းပရေး ဦးစီးကော်မတီနာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်က အမှာစကားပြောကြားရာ၌ ၁၉၉၄ ခုနှစ်မှာ ကျင်းပသည့် (၃၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ ၁၉၉၅ ခုနှစ်မှစ၍ နှစ်စဉ် ဇူလိုင်လ၏ ပထမ စနေနေ့တိုင်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ အသီးသီးတွင် ကျင်းပခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ကျင်းပခဲ့သည့် (၆၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၂ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သမဝါယမများနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အတွေ့အကြုံများ ဖလှယ်ခြင်း၊ အပြန်အလှန် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ နိုင်ငံအဆင့်၊ ဒေသအဆင့် နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများကျင်းပပြီး ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမများနှစ်အတွက် ကြိုတင်ပြင်ဆင်ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တက်ကြွစွာပါဝင်

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုသဝဏ်လွှာပါ "အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားရေး သမဝါယမများက တွန်းအားပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သမဝါယမမိသားစုဝင်များက သမဝါယမနည်းလမ်းဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဗဟိုသမဝါယမအသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တင့်က အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက သမဝါယမဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပထမဆုရ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးနှင့် သမဝါယမဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းသားသမီးများအနက် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၅၄ ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းစိန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီး ဌာန ၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး ရုံးမျက်နှာစာ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန် တက်ရောက်၍ အထိမ်းအမှတ် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ နွယ်သာကီ၊ တညင်း၊ ကင်ပွန်းချဉ်၊ ဒန့်သလွန်၊ သရက်၊ ပိတောက်၊ ငုဝါ၊ ရေတမာ၊ ပိန္နဲ၊ ငှက်ပျော၊ ရွက်လှ၊ ကျူဘား အုန်း၊ စိန်ပန်းပြာ၊ အုန်းမွှာပင်၊ ပုဏ္ဏရိက်၊ ပွင့်တူရွက်တူ၊ သပြေ၊ ယုဇန၊ စွယ်တော်၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်းကြီးနှင့် စိန်ပန်းပု စသည့် ပျိုးပင်ပေါင်း ၄၀၉၅ ပင်ကို စိုက်ပျိုးခဲ့ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်လှမြင့် ဧရာဝတီတိုင်းအတွင်း ကော်မရှင်လုပ်ငန်းများ လှည့်လည်စစ်ဆေး

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ခင်လှမြင့်သည် ဇွန် ၂၄ ရက်တွင် ဧရာဝတီတိုင်းသို့ ရောက်ရှိပြီး ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်းနှင့်အတူ ဆားမလောက်၊ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း မြို့နယ်များရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများသို့ ကွင်းဆင်းလျက် သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လျာထား မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်ခွဲအသီးသီးလုပ်ငန်း၏ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို မှာကြားသည်။

ယင်းနောက် နမူနာဆောက်လုပ်ပြသထားသည့် မဲရုံများနှင့် မဲဆန္ဒပေးခြင်း သရုပ်ပြခြင်းကို လည်းကောင်း၊ မဲရုံများ ဆောက်လုပ်ရန် လျာထားသည့် အဆောက်အအုံများ၊ မဲရုံမြေနေရာကိုလည်းကောင်း လှည့်လည် စစ်ဆေးသည်။

ထိုမှတစ်ဆင့် ကျောင်းကုန်းမြို့မှ ပုသိမ်မြို့သို့ ဆက်လက်ထွက်ခွာပြီး ဧရာဝတီတိုင်းကော်မရှင် အဖွဲ့ခွဲဝင်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ကော်မရှင်အဖွဲ့ဝင်သည် ဇွန် ၂၅ ရက်တွင် ပုသိမ်မြို့ပေါ်မှ ရပ်ကွက်များရှိ မဲရုံဆောက်လုပ်မည့် အဆောက်အအုံများ၊ မဲရုံမြေနေရာများ၊ နမူနာမဲရုံများ၊ မဲဆန္ဒပေးမှုသရုပ်ပြပွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လျာထားမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့် လည်းကောင်း၊ ငပုတောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် လည်းကောင်း တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်လုပ်ငန်းများကို ဆွေးနွေးသည်။

ထို့နောက် တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များနှင့် အစည်းအဝေးကျင်းပပြီး ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ကော်မရှင်အဖွဲ့ဝင်သည် ဧရာဝတီတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ လိုက်ပါလျက် ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သာပေါင်း၊ အိမ်မဲနှင့် မြောင်းမြမြို့နယ်တို့သို့ သွားရောက်၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဝါးခယ်မမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်လုပ်ငန်းများကို ဆွေးနွေးကာ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သည်။

ယင်းနောက် လပွတ္တာမြို့သို့ သွားရောက်၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လျာထားမဲရုံအဖွဲ့ဝင်များနှင့် မော်လမြိုင်ကျွန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဆွေးနွေးပြီး ခရိုင်၊ မြို့နယ်၊ ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ထို့နောက် လပွတ္တာမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများ၏ မဲရုံတည်နေရာ၊ မဲရုံအဖြစ် အသုံးပြုမည့် အဆောက်အအုံများကို လိုက်လံကြည့်ရှု စစ်ဆေးရွေးချယ်ပေးသည်။

ကော်မရှင်အဖွဲ့ဝင်သည် ဇွန် ၂၈ ရက်တွင် လပွတ္တာမှ မြောင်းမြ၊ ရေကြည်၊ ကျုံပျော်မြို့များသို့ သွားရောက်၍ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတသို့ သွားရောက်ကာ ဇွန် ၂၉ ရက်တွင် ဟင်္သာတ၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်းမြို့များ၊ ဇွန် ၃၀ ရက် တွင် ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူ၊ မအူပင်မြို့များ၊ ဇူလိုင် ၁ ရက်တွင် မအူပင်၊ ကျိုက်လတ်၊ ဘိုကလေးမြို့များ၊ ဇူလိုင် ၂ ရက်တွင် ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲမြို့များသို့ သွားရောက်ပြီး ကော်မရှင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပေါင်းတည်မြို့၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပေါင်းတည်မြို့နယ်၏ ၂၀၁၀ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် အမှတ်(၉၃) သစ်စက်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပုမ်ဇဂင့်က သစ်ပင်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပေါင်းတည်မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ အင်အား ၃၀၀ ခန့် တက်ရောက်ကြပြီး ကျွန်း၊ ပိတောက်၊ ယမနေ၊ ပျဉ်းမ၊ ယူကလစ် အစရှိသည့် အပင်ပေါင်း ၉၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆကာကြီးအသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၃

ဆကာကြီးအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က ဆကာကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသည်။ ယင်းအခမ်းအနားတွင် ဆကာကြီးအသင်း (ရန်ကုန်) အတွင်းရေးမှူးဦးအေးကြူ (ဆကာကြီး အေးကြူ)က ရှင်းလင်းပြောကြားပြီး ဆကာကြီးအသင်း(ရန်ကုန်) အသင်းတိုက်ဖြစ်မြောက်ရေး ဦးစီးကော်မတီဝင် ဦးအောင်မိုးဇော် (ရွှေဘုန်းပွင့်)က အသင်းတိုက်ဖြစ်မြောက်ရေးအတွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ဦးလှအောင်(ဆကာကြီးအထက)က ကန်တော့ချီးကို တိုင်ပေးပြီး အသက်(၈၀)ပြည့်နှစ်နှင့်အထက် ဘိုးဘွား ၃၀ တို့အား အလှူငွေများ ပေးအပ်ကန်တော့ကြသည်။ ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဆကာကြီးအထကမှ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ဆကာကြီးအထကကျောင်းအုပ်ဆရာကြီး ဦးစောစိန်သောင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၆)၊ အမှတ်(၂၅)ထွက်ရှိ

ရန်ကုန် ဇူလိုင် ၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၂၅)၌ မြန်မာသဘော်သား လူစွန့်စားများ၊ ဗြိတိန်နိုင်ငံသားလေးဦးအား ကယ်တင်ပေးခဲ့သော မြန်မာသဘော်သားများကို လူသားချင်းစာနာထောက်ထားမှု အသိအမှတ်ပြုတံဆိပ်ပေးအပ်၊ ရန်ကုန်မြို့ရှိ ဈေးအားလုံးမှ ဆိုင်ခန်းများတွင် ကိုယ်ပိုင်မီတာတပ်ဆင်ခွင့် လုံးဝခွင့်မပြုတော့၊ ရုပ်ရှင်ရုံ သုံးရုံပါ ရတနာပုံဒိုင်းမွန်းပလာဇာ သတ်မှတ်ကာလထက် စောပြီးမည်၊ ဆေးဖက်ဝင် ဝံအူအနက်ပင်မှ ကမ္ဘာပေါ်တွင် မတွေ့ရသေးသော ဇီဝအစွမ်းထက် ဒြပ်ပေါင်းအသစ်တစ်မျိုး ဖော်ထုတ်နိုင်ခဲ့၊ ကာလပေါက်ဈေးထက်လျှော့၍ အာမခံထားသောမော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းရာတွင် ပြင်ဆင်ကုန်ကျစရိတ်အတိုင်း ရမည်မဟုတ်၊ သဘာဝဘေးအန္တရာယ်များကြောင့် ရေချို ရှားပါးမှုမရှိစေရန် ဧရာဝတီတိုင်းတွင် သောက်ရေကန် ၅၀ တူးဖော်ပေးမည်၊ ဂျပန်မှ ကားဆက်စပ်ပစ္စည်းများနှင့် နည်းပညာအား အသုံးပြုထားသော ပြည်တွင်းထုတ်ရမ္မာမော်တော်ယာဉ်ရောင်းချ၊ အာဆီယံနိုင်ငံများသို့ ဈေးသက်သာစွာဖြင့် သွားရောက်လည်ပတ်နိုင်ပြီ၊ အသားစားကြက်များတွင် ဖြစ်ပွားနေသော ရောဂါတစ်မျိုး ကြက်ငှက်တုပ်ကွေးကဲ့သို့ လူအားမကူးစက်နိုင်၊ ယခုနှစ်သည် လာနီညာနှစ်ဖြစ်ရန် သေချာသလောက်ဖြစ်နေ၊ အရောင်ပါကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အရောင်းဆိုင်များကို အရေးယူသွားမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ၆၃၅ ၂၇၅၅ ဒေသသို့ ရောက်ခဲ့ရာဝယ် Myanmar DISCOVERY၊ ဆရာ ဘုန်းလူလှ၏ နိုင်ငံရေးသဘောတရားများ၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပြောရေးဆိုခွင့်ရှိသူနှင့် တွေ့ဆုံခြင်း Political Column၊ မလေးရှားသို့ သွားရောက်အလုပ်လုပ်ကြသူများ၊ တုတ်ကောက်လေးတွေလိုသည် ကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

မြန်မာအကြိုက် ကိုရီးယားဇာတ်ကား Winter Sonata ထဲမှ မင်းသား ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်၊ ယဉ်ကျေးမှုဆိုတာ မယုံနိုင်ဖွယ်ရာကောင်းလောက်အောင် အပြုသဘောဆောင်တဲ့ စိတ်ပိုင်းဆိုင်ရာအပြုအမူဖြစ်တယ် ယူနက်စကိုအကြီးအကဲ အီရီနာဘိုကိုဗာနှင့် STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါး၊ လာရီကင်း၏ CNNတော့ပ်ရှိုးအဆုံးသတ်တော့မည်၊ မြောက်ကိုရီးယား သူလျှို နှစ်ဦးအား တောင်ကိုရီးယားတရားရုံးမှ ထောင်ဒဏ် ၁၅ နှစ်ပြစ်ဒဏ်ချမှတ်၊ တိုင်းစကွဲယား ဖုံးဖောက်ခဲ့ရန် ကြံစည်သူက အပြစ်အတွက် လျှော်ကြေး ၁၀၀ ပေးမည်၊ အာဖဂန်တွင် တပ်မှူးနေရာအစားထိုးခန့်အပ်မှုမူဝါဒနှင့်ပတ်သက်၍ အလုံးစုံမွမ်းမံပြင်ဆင်ရန်လိုအပ် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

အားကစားဝန်ကြီးဌာန အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် အရှေ့တောင်အာရှ အသက်(၁၈)နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်သည်။

ဇူလိုင် ၅ ရက် ပထမနေ့ပွဲစဉ်အဖြစ် ပွဲစဉ်(၁)မြန်မာအသင်းနှင့် လာအိုအသင်း၊ ပွဲစဉ်(၂) မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ပွဲစဉ်(၃) ထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ ဇူလိုင် ၆ ရက် ဒုတိယနေ့ပွဲစဉ်အဖြစ် ပွဲစဉ်(၁)ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်း၊ ပွဲစဉ်(၂) စင်ကာပူအသင်းနှင့် မလေးရှားအသင်း၊ ပွဲစဉ်(၃) လာအိုအသင်းနှင့် ထိုင်းအသင်း၊ ဇူလိုင် ၇ ရက် တတိယနေ့ပွဲစဉ်အဖြစ် ပွဲစဉ်(၁)စင်ကာပူအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ပွဲစဉ်(၂)မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ပွဲစဉ်(၃) မလေးရှားအသင်းနှင့် လာအိုအသင်း၊ ဇူလိုင် ၈ ရက် စတုတ္ထနေ့ပွဲစဉ်အဖြစ် ပွဲစဉ်(၁)မြန်မာအသင်းနှင့် စင်ကာပူအသင်း၊ ပွဲစဉ်(၂)ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ ပွဲစဉ်(၃) ဖိလစ်ပိုင်အသင်းနှင့် လာအိုအသင်း၊ ဇူလိုင် ၉ ရက် ပဥ္စမနေ့ပွဲစဉ်အဖြစ် ပွဲစဉ်(၁) စင်ကာပူအသင်းနှင့် လာအိုအသင်း၊ ပွဲစဉ်(၂) မလေးရှားအသင်းနှင့် မြန်မာအသင်း၊ ပွဲစဉ်(၃)ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၇) ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဖိလစ်ပိုင်နိုင်ငံ လူငယ်လက်ရွေးစင် အသင်းအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းကြီးမှဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဖွင့်လှစ်သော အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းအမှတ်စဉ် (၁/၂၀၁၀) ဆင်းပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးမြင့်စိန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲကို ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၇၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

အာဂျင်တိုင်းတို့ နွမ်းလျ အိမ်ပြန် ပယ်နယ်တီ အဆုံးအဖြတ်နဲ့ ဆီမီးတက်တဲ့ ဥရုဂွေး

ဂျိုဟန်နက်စဘတ် ဇူလိုင် ၃

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ညမှာ အာဂျင်တီးနားနဲ့ ဂျာမနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီက လေးဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အာဂျင်တီးနားမှာ မာရာဒိုနာ၊ တီဗက်ဇ်၊ မက်ဆီ၊ ဟီဂွာရင်၊ ဒီမာရီယာတို့နဲ့ လူစုံခဲ့ပေမယ့် ကလိုဆေး၊ မူလား၊ ရှဝိန်းစတိုင်ဂါ၊ ပိုဒေါစကီးတို့ရဲ့ လျင်မြန်လှတဲ့ ဂျာမနီတိုက်စစ်ကို ထိန်းချုပ်ဟန့်တားနိုင်ခြင်းမရှိခဲ့တာကြောင့် ပွဲချိန် ၃ မိနစ်မှာ မူလားက ဂျာမနီအတွက် ပထမဂိုး၊ ၆၈ မိနစ်မှာ ကလိုဆေးက ဒုတိယဂိုး၊ ၇၄ မိနစ်မှာ ဖရက်ဒရစ်က တတိယဂိုးနဲ့ ၈၉ မိနစ်မှာ ကလိုဆေးက စတုတ္ထဂိုးတို့ကို သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဒီပွဲမှာ လူစုံထုတ်ပွဲထွက်လာခဲ့တဲ့ မာရာဒိုနာရဲ့ အာဂျင်တီးနားဟာ မက်ဆီ၊ တီဗက်ဇ်၊ ဟီဂွာရင်၊ မာရှေယာနိုတို့ တဲ့လုံးတွေနဲ့ ဂျာမနီဘက်ကို အကြိမ်တော်တော်များများ ထိုးဖောက်တိုက်စစ်ဆင်ခဲ့ပေမယ့် ဖိလစ်လမ်းဦးဆောင်တဲ့ ဂျာမနီနောက်တန်းနဲ့ ဂိုးသမားတို့ အကောင်းဆုံးကာကွယ် ဖျက်ထုတ်နိုင်ခဲ့တာကြောင့် အာဂျင်တီးနားတို့ ချေပဂိုးမရဘဲ ပွဲအပြီးမှာ ဂျာမနီကို လေးဂိုးပြတ်နဲ့ အရှုံးပေးလိုက်ရပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကို ဂျာမနီမှ ရှဝိန်းစတိုင်ဂါက ရရှိခဲ့ပါတယ်။

ဥရုဂွေးအကြိုဗိုလ်လုပွဲတက်

ကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲအဖြစ် စနေနေ့ နံနက်ပိုင်းက ဥရုဂွေးနဲ့ ဂါနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဥရုဂွေးက ပယ်နယ်တီ အဆုံးအဖြတ်နဲ့ အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပါတယ်။ ပထမပိုင်းပွဲကစားချိန်ပြည့်လို့ နာကျင်အချိန်ပို နှစ်မိနစ်မှာ မွန်တာရီက ဂါနာအတွက် ဦးဆောင်ဂိုးသွင်းပေးပြီး ၅၅ မိနစ်မှာ ဖော်လန်က ဥရုဂွေးအတွက် ချေပဂိုးသွင်းယူခဲ့ပါတယ်။ ဒီနှစ်သင်းဟာ အချိန်ပိုမိနစ် ၃၀ အထိ တစ်ဂိုးစီသရေကျနေတာကြောင့် ပယ်နယ်တီကန်ခဲ့ရာ ဥရုဂွေးတို့ ငါးဂိုး-သုံးဂိုးနဲ့နိုင်ပြီး အကြိုဗိုလ်လုပွဲတက်နိုင်ခဲ့ပါတယ်။ ဥရုဂွေးဟာ အကြိုဗိုလ်လုပွဲမှာ နယ်သာလန်နဲ့ ဆုံတွေ့ရမှာဖြစ်ပါတယ်။

ဝင်းတင်
(ကြေးမုံ)

ဂျာမနီအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ကလိုဆေး ဤကဲ့သို့ သွင်းယူခဲ့သည်။

အများအားဖြင့် မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇူလိုင် ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော် လယ်ဝေးတွင် ၁ ဒသမ ၂၂ လက်မ၊ နေပြည်တော် တပ်ကုန်းတွင် ၁ ဒသမ ၁၀ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၂၈ လက်မ၊ လွိုင်လင်မြို့နှင့် ညောင်တုန်းမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ ကိုကိုးကျွန်းတွင် ၁ ဒသမ ၈၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၃၄ လက်မနှင့် သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ရမည်းသင်းမြို့တွင် ၁ ဒသမ ၁၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အောင်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၄ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် (၃၅)မိုင် အထိတိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

COFFEEMIX 3 in 1
အထုပ်ကြီး(၅)ထုပ် ဝယ်ယူပြီး
ထီး(၁)ချောင်း
လက်ဆောင် ရယူပါ..
ကမ္ဘာ့ဖလားဘောလုံးပွဲ အထူးအစီအစဉ်

Yes!! English School
Basic
7 July 9 - 10:30 Mon - Thu
11 July 8:00 - 10:00 Sat - Sun
12 July 10:30 - 12 Mon - Thu
14 July 2:30 - 4 Mon - Thu
17 July 5:30 - 7:30 Sat - Sun
18 July 10:00 - 12:00 Sat - Sun
21 July 4:30 - 6 Mon - Thu
Elementary
26 Jun 1 - 3 Sat - Sun
20 July 10:30 - 12 Mon - Thu
Pre-Intermediate
21 July 9 - 10:30 Mon - Thu
IELTS (4 Skills)
TOEFL
8 Aug 10:30 - 12 Mon - Thu
511778
01-73033648

ဆက်သွယ်ရန် 09-8629300

SMART GIRLS
(Lady only)
09-5121199 09-8634977

FOREVER
Wedding Dress & Photo Studio
မိုးရာသီ Promotiom အထူးအစီအစဉ်
up to 10% Discount
(25.06.2010 မှ 25.07.2010) အထိသာ

Dynamic Course For Quantity Survey
Civil Engineer များအတွက် Building Estimating ... Singapore Standard ...
Dynamic Course For Quantity Survey ...
Building Estimating ... Working Drawing ...
Computer based format ...
(Cost Analysis) QS ...
Tender ...
(Job Hunting) Interview ... CV form ...
(attractive Resume writing) ...

ကျော်ကျော်
ကျည်ကွင်းများညို

အလုပ်အကိုင်အတွင်း ခေါင်းဆောင်ခြင်း

အချိန်မှန် သတင်းမှန်
The Messenger
သ တ င် း ဂျ ာ န ယ်

"ရွှေမြန်မာ"
09-5010074, 09-5182092, 09-5152005

ရောင်းဈေး သိန်း ၂၀၀
လုံးချင်း 2BNအသစ်၊ ရေ၊ မီးဂရန် ပေါက် လျှာထိုးခင်း၊ ကြွေကပ်ခင်းပြည့်၊ 3BRကားဂိုဒေါင်/ရေစင်ရေလှောင် ကန် ၂" အဝီစိတွင်း၊ သီးစားပန်းပင် စိုက်ပြီး တိုက်ပေ(၃၈×၃၆)မြေ ပေ (၄၀×၆၀)ကွန်ကရစ်ပြည့်ခင်း ကျောင်း၊ ဈေး၊ ကားဂိတ်၊ ဆေးရုံနီး၊ တိုက်(၄၂၀)၊ တက္ကသိုလ်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြောက်၊ အရှေ့ကုန်ပဒေသာ မှတ်တိုင်မှ ညာဘက်ချိုးဝင်၍ ဗိုလ်မင်းခေါင် မှတ်တိုင်မှ ညာဘက်ချိုးပါ။
ဖုန်း-၀၉-၈၀၃၂၂၄၅

အိမ်စီးကားသန့်ရောင်းမည်
HONDA INTEGRA
ဗ/2---- (87 Model)
Suzuki MODE (95 MODEL)
၃၇/---
ဖုန်း-098760980, 245727

HOT NEWS
ဘာလဲ?
ဘယ်မှာလဲ?

တိုက်ခန်းငှားမည်
ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်နား၊ မြောင်းကြီးလမ်းထိပ် (40'x 50') လျော့1700sqft လေးမျက်နှာ ပြတင်းရှိ မြေညီ Hall နှင့် 4F,2BR,A/C,Ph(12'x9'x 9') ရေလှောင်ကန်။
ဖုန်း-၂၉၂၅၇၃၊ ၀၉-၅၁၅၂၄၉၀

ဖခင်အမည်မှန်
မောင်ဟိန်းကိုကိုဦး [၇/ပတတ(နိုင်)၁၁၈၆၃၈] ၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း(ခ)ဦးလွင်နိုင်ဖြစ်ပါသည်။
မောင်ဟိန်းကိုကိုဦး

ဆလွန်းကား၊ တိုက်ခန်း
အမြန်ရောင်းမည်
(ပွဲစားမလို)
မာဇဒါ 323 (84) ဏ
5 လွှာ(15×60) ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ Ph-095166608

သင့်သွေးဖြင့်
အသက်ကယ်ပါ

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်သီ၊ သမီး မိလိမ္မာဦး၊ သားမင်းခန့်စည်သူမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေ ပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူး တို့အတွက် အလှူငွေ ကျပ် ၁၁ သိန်းပေးအပ်လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

သိင်္ဂီတခင်းကောင်းရဲ့ကျိန်စာ

အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ သီရိမွန်လမ်း၊ အိမ်အမှတ်(၅/၁၅၃)၊ အုတ်ခံနှစ်ထပ် အဆောက်အအုံနှင့် ခြံမြေပေ ၄၀×၆၀ ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းလွင် [၁၂/မရက(နိုင်)၁၄၆၇၉၈]ထံမှ ကျွန်မ ဒေါ်ဥမ္မာလှ[၁၂/ဒဂန(နိုင်)၀၁၆၅၅၈]မှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့်ဖြစ်စေ၊ အခြားခိုင်လုံသော အကြောင်းပြချက်အထောက်အထားဖြင့်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်ပါမည်။
ဒေါ်ဥမ္မာလှ [၁၂/ဒဂန(နိုင်)၀၁၆၅၅၈]
အမှတ်(၅/၁၈၄)၊ သီရိမွန်လမ်း၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့
Ph-724816, 095194806

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ရဲနိုင်ဦး၏ ပတ်စပို့စာအုပ်အမှတ် 622931 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
Ph:09-5180332

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်လင်းဇော် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် A-454791သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပါရန်။ ဖုန်း-၀၅၂-၃၀၈၆၂

ကျေးဇူးဆပ်ပါမည်
ကျွန်တော်ဦးစိုးဦး [၁၂/စခန(နိုင်)၀၄၁၇၆၉]၏ ရေကြောင်းအင်ဂျင်နီယာ(တတိယတန်း) လက်မှတ်အမှတ်-၂၃၅၅ သည်ခရီးသွားစဉ် ၃၀-၆-၂၀၁၀ ရက်က ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
ဖုန်း-၀၉-၅၁၇၉၁၆၂၊ ၀၁-၆၈၇၁၉၈

ဆောက်လုပ်ရေးပစ္စည်းပေးသွင်းနိုင်သည်
ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ အမှတ်(၄)လမ်းမကြီးဘေးရှိ ဆောက်လုပ်ရေးလုပ်ငန်းအတွက် အုတ်၊ ကျောက်စရစ်၊ ပန်းရန်သဲ၊ ဖို့သဲ၊ လိပ်သဲကျောက်(၆"×၉", ၂"×၄",၁"×၂",Chipping)နှင့် ဂဝံကျောက်(သက်ရင့်)များ ဝယ်ယူလိုပါသဖြင့် ပစ္စည်းမှန်၊ ဈေးနှုန်းမှန် ပေးသွင်းနိုင်သူများ အောက်ပါလိပ်စာသို့ ၉-၇-၂၀၁၀ရက် နောက်ဆုံးထား ဆက်သွယ်နိုင်ပါသည်။
Myanmar Winery & Distillery Co., Ltd.
ဆက်သွယ်ရန်ဖုန်း နံပါတ်-၀၉ ၈၇၄၂၄၇၈၊ ၇၂၀၄၁၀၊ ၁၄၆/၁၅၈၊ ပြည်လမ်း၊ (၁၀)မိုင်၊ မင်္ဂလာဒုံ၊ရန်ကုန်မြို့။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် ခရိုင်ချင်းဆက်လမ်းနှင့် ညောင်အိုင်ကျေးရွာ ဆက်သွယ်သည့် ကျေးလက်ကျောက်ချောလမ်းဆောင်ရွက်နိုင်ရန် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာဦးခိုင်ဇော်မိုး ရှင်းလင်းတင်ပြစဉ်။ (ကြေးမုံ)



- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တောင်သူတို့အကျိုးများစေမည့် ပန်းတနော်မြို့နယ်ထွက် မိုးကြိုစပါး

စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းနေသော တောင်သူကြီး ဦးစိန်ဝင်း၏ မိုးကြိုစပါးခင်း။

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ -တင်ဝင်းလေး
(ကြည့်မြင်တိုင်)

အဆင်အပြင် - ခင်မျိုးနိုင်

ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်တွင် မိုးကြိုစပါးစမ်းသပ်ဖြစ်ထွန်းအောင်မြင်နေမှုသတင်းကြားသိရသည့်အတွက် ဇွန် ၆ ရက်နံနက်က ကြေးမုံသတင်းအဖွဲ့သည် ဒဂုံဧရာအဝေးပြေးဂိတ်မှ ပန်းတနော်မြို့သို့ ခရီးဆန့်ခဲ့ကြသည်။ စာရေးသူတို့ရောက်ရှိချိန်တွင် ပန်းတနော်မြို့နယ်မှ စပါးစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်နှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားနှင့် ကြုံကြိုက်ခဲ့ရသည်။

ကဥ္စနကျွန်းသာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ရာ အထွေထွေမန်နေဂျာ ဦးဌေးအောင်က "ကျွန်တော်တို့ ကဥ္စနကျွန်းသာကုမ္ပဏီရဲ့အထူးပြုမြို့နယ်က ညောင်တုန်းမြို့နယ်ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်လိုအပ်နေတဲ့ ဒီပန်းတနော်မြို့နယ်ကိုလည်း မြို့နယ်ဥက္ကဋ္ဌနဲ့တကွ တောင်သူကြီး စာမျက်နှာ ၉ ကော်လံ ၃ သို့ ✪



အာဂျင်တိုင်းတို့ နှမ်းလျှ အိမ်ပြန်

ဥရုဂွေး ဆီမီးတက်ပြီ

သတင်း - စာမျက်နှာ (၁၂)